# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်

## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျာ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ရှိတဲ့အနက် ၃၇၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသူများအမည်စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးကို မတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသော ၄၆ ဦးအနက် ယခင်က ခွင့်ပန်ကြားထားသူ ၃၀ ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦးမှာ-

(၁) လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၆ ရက်၊

(၂) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၃ ရက်၊

(၃) ဆောမဲဆန္ဒနယ်မှ ဦးဒွေးမောင် ခွင့် ၁၀ ရက်၊

(၄) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ ခွင့် ၈ ရက်၊

(၅) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၃ ရက်၊

(၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၃ ရက်၊

(၇) နမ့်စန်မဲဆန္ဒနယ်မှ ဦးဒွေးလွင်(ခ)ဦးဒီလုံး ခွင့် ၃ ရက်၊

(၈) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၉) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၁၀) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၃ ရက်၊

(၁၁) မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ် ခွင့် ၂ ရက်၊

(၁၂) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၁၃) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၁၄) ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးနိုင်ငံလင်း ခွင့် ၁ ရက်၊

(၁၅) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၃ ရက်၊

(၁၆) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျာ။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၄၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးဘေးတွင် လူမှုဖူလုံရေးဆေးခန်းနှင့် ရုံးခန်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များအား ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးဝဲယာမှာ မင်္ဂလာဒုံစက်မှုဇုန်၊ ယင်းမာပင်စက်မှုဇုန်၊ ရန်ကုန်စက်မှုဇုန်နဲ့ ပုလဲ(မြို့သစ်)စက်ရုံ၊ အလုပ်ရုံများစွာရှိပါတယ်။ အဲ့ဒီစက်ရုံ၊ အလုပ်ရုံများထဲမှာ လူမှုဖူလုံရေးမှာ အကျုံးဝင်ထားတဲ့ စက်ရုံ၊ အလုပ်ရုံဌာနပေါင်း ၁၂၀ ကျော်ရှိပြီး အာမခံအလုပ်သမားပေါင်း ၃၀၀၀၀ ကျော်နီးပါးရှိပါတယ်။ ၎င်းအလုပ်သမားများဟာ ကျန်းမာရေးဆေးကုသမှုလိုအပ်သည့် အချိန်တွင် ပြည်လမ်းမပေါ်မှာရှိတဲ့ မင်္ဂလာဒုံလူမှုဖူလုံရေးဆေးခန်းကို သွားရောက်ပြသကုသရပါတယ်။ လူမှုဖူလုံရေး ငွေကြေးအကျိုးခံစားခွင့်များကို ရရှိရေးအတွက်ကိုလည်း အင်းစိန်မြို့နယ် ကျောက်တော်ကြီး ဘုရားအနီးမှာရှိတဲ့ လူမှုဖူလုံရေး ရုံးခွဲအမှတ်(၅)ကို သွားရောက်ဆောင်ရွက်ရပါတယ်။ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးဝဲယာမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံများက အလုပ်သမား ၃၀၀၀၀ ကျော်ခန့်အတွက် လူမှုဖူလုံရေးဆေးခန်းတစ်ခန်းနှင့် ရုံးတစ်ရုံးဆောက်လုပ်ပေးမယ်ဆိုရင်

အာမခံအလုပ်သမားများအတွက် များစွာအကျိုးရှိမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အလုပ်သမားများရဲ့ အကျိုးကိုယ်စား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးအပ်ပါတယ်။ အမှတ်(၃)လမ်းမကြီးဘေးတွင် ပြည်သူ့လူမှုဖူလုံရေးဆေးခန်းနှင့် လူမှုဖူလုံရေးရုံးခန်းဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နည်း။ မရှိပါက အဘယ်ကြောင့်ဆောင်ရွက်မပေးနိုင်သည်ကို ဖြေကြားပေးပါရန် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဦးစွာဆုတောင်းဂါရဝပြုအပ်ပါတယ်ရှင်။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းမှ ဖြေကြားမှာဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ လူမှုဖူလုံရေးရုံး ရုံးခွဲ(၅)နှင့် လူမှုဖူလုံရေးဆေးခန်းကို အင်းစိန်မြို့နယ်၊ မင်းဓမ္မလမ်း၊ စည်ပင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း စည်ပင်ပိုင်မြေပေါ်မှာ ၂၁-၇-၁၉၉၉ နေ့ကစတင်ပြီး ဖွင့်လှစ်ခဲ့ပါတယ်။ လူမှုဖူလုံရေး ရုံးခွဲ(၅)ဟာ အင်းစိန်မြို့နယ်နဲ့ မင်္ဂလာဒုံမြို့နယ်တို့ အကျုံးဝင်ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လ လချုပ်စာရင်းအရဆိုရင် စက်ရုံ၊ အလုပ်ရုံ အလုပ်ဌာန စုစုပေါင်း ၆၆၇ ဌာနရှိပါတယ်။ အာမခံလုပ်သားပေါင်း ၅၂၁၃၁ ယောက်ရှိပါတယ်ရှင်။ မင်္ဂလာဒုံမြို့နယ်မှာဆိုရင်တော့ လူမှုဖူလုံရေးဆေးခန်းကို ပြည်လမ်းရှိ ကျိုက္ကလဲ့ဘုရားနား အနီးမှာရှိတဲ့ တပ်မြေပေါ်မှာ ၁-၁၀-၁၉၅၉ ကတည်းက စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လ စာရင်းချုပ်အရဆိုရင် အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာနပေါင်း ၃၀၈ ဌာနရှိပြီးတော့ အာမခံလုပ်သား စုစုပေါင်း ၄၁၀၅၃ ဦး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါတယ်။

အထက်ဖော်ပြပါ လူမှုဖူလုံရေးရုံးများနှင့် ဆေးခန်းများ ဖွင့်လှစ်နိုင်ရန်အတွက် ၉-၁-၂၀၀၆ ခုနှစ်က မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနက မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးဘေး၊ မြေတိုင်းရပ်ကွက်

(၁)၊ မြေကွက်အမှတ်(၆၅၊၆၆)ကို အကျယ်အဝန်း ၀.၂၂၉ ဧကမြေကွက်ကို သုံးနှစ်ယာယီမြေပေးမိန့်ဖြင့် ချထားခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါမြေကွက်ကို မြေပေးမိန့်သက်တမ်းတိုးခွင့်ရရှိရေးအတွက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်ရှင်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်အား မြေပေးမိန့်သက်တမ်းတိုးခွင့်ရရှိပါက လူမှုဖူလုံရေးအဖွဲ့အမည်ပေါက် မြေဂရန်လျှောက်ထားပြီးတော့ လူမှုဖူလုံရေး ရုံးခွဲ(၅)နှင့် မင်္ဂလာဒုံမြို့နယ် လူမှုဖူလုံရေးဆေးခန်းအတွက် အဆိုပါနေရာမှာ အဆောက်အဦဆောက်လုပ်သွားမှာဖြစ်ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ အဆိုပါနေရာမှာ လူမှုဖူလုံရေးဆေးခန်းနှင့် ရုံးခန်းအဆောက်အဦဆောက်လုပ်ရန် အစီအစဉ်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**နမ့်စန်လေယာဉ်ကွင်းတွင် တပ်မတော်လေယာဉ်များအပြင် အရပ်ဘက်ခရီးသည်တင် လေယာဉ်များပြေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်တင်(လဲချားမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးနဲ့ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမဲဆန္ဒနယ်က ဦးစိုင်းမောင်တင်ဖြစ်ပါတယ်။ ခရီးသွားပြည်သူများကို အကျိုးပြုပြီးတော့ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ ဝင်ငွေရရှိစေမယ့် မေးခွန်းတစ်ရပ်မေးမြန်းသွားမှာဖြစ်ပါတယ်။ နမ့်စန်လေယာဉ်ကွင်းဟာ နမ့်စန်မြို့မှာရှိပြီးတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)ရဲ့ အလယ်ဗဟိုနီးနီးမှာရှိပြီး ကွန်ဟိန်း-မိုင်းပန်-ဟိုမိန်း-မောက်မယ်-လွိုင်လင်-ပင်လုံ-ခိုလန်-လင်းခေး-မိုးနဲ-ကျေးသီး-လဲချား စတဲ့မြို့နယ်များရဲ့အလယ်တည့်တည့်မှာရှိပါတယ်။ တောင်ထွတ်တောင်တန်းများမရှိဘဲနဲ့ လေယာဉ်များ ပျံသန်းဆင်းသက်ရန်အတွက် အဆင်ပြေသော ရှမ်းကုန်းပြင်မြင့်မှာ တည်ရှိခြင်းဖြစ်ပါတယ်။ နမ့်စန်လေယာဉ်ကွင်းနဲ့ ဟဲဟိုးလေယာဉ်ကွင်းနှစ်ခုဟာ ခရီးမိုင်အကွာအဝေးအားဖြင့် မိုင် ၁၀၀ နီးပါးခန့်ရှိပါတယ်။ ယခုအခါ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုလည်း အခိုင်အမာတည်ဆောက်ပြီးစီးနေပြီဖြစ်တယ်။ နောက်ပြီးတော့ ဝန်ထမ်းဦးရေနဲ့ ပြည်သူလူထု တိုးတက်များပြားလာတာနဲ့အတူ ခရီးသွားဝန်ထမ်းများ၊ ပြည်သူများ၊ သက်တောင့်သက်သာနဲ့ ခရီးစရိတ် အကုန်အကျလည်းသက်သာစေနိုင်မယ်ဖြစ်တဲ့အတွက်ကြောင့် ယခင်က မြန်မာ့လေကြောင်း လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲခဲ့ဖူးသော၊ အသုံးပြုခဲ့ဖူးသော လွိုင်လင်ခရိုင်၊ နမ့်စန်မြို့၊ နမ့်စန် လေယာဉ်ကွင်းကို တပ်မတော်လေယာဉ်များအပြင် အရပ်ဘက်ခရီးသည်တင် လေယာဉ်လိုင်းများ ပြေးဆွဲပေးနိုင်

ရန် အစီအစဉ်ရှိ/မရှိနဲ့ ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ပြေးဆွဲနိုင်မည်။ မရှိပါက အဘယ်ကြောင့်နည်း။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးဇင်ယော်က ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင်၏ မေးခွန်းကို ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းအနေနဲ့ ယခင်က ရန်ကုန်-ဟဲဟိုး-နမ့်စန်-ကျိုင်းတုံ-နမ့်စန်-ဟဲဟိုး-ရန်ကုန် ခရီးစဉ်များကို F-27(ဖော်ကာ) လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲခဲ့ပါတယ်။ ယခင်ပြေးဆွဲခဲ့ဖူးသော အတွေ့အကြုံများအရ နမ့်စန်မှ ဒေသခံများဟာ လေယာဉ်ဖြင့် ခရီးသွားလာရာတွင် ကျိုင်းတုံမြို့ကိုသာ အဓိကထား သွားလာကြကြောင်း တွေ့ရှိရပါတယ်။ နမ့်စန်မြို့မှ ကျိုင်းတုံမြို့သို့ လေယာဉ်ဖြင့် စီးနင်းလိုက်ပါသည့် ခရီးသည်ဦးရေမှာလည်း ၁၀ ဦး၊ ၁၅ ဦးခန့်သာရှိပြီး ရေရှည်ပြေးဆွဲရန် အခက်အခဲရှိတဲ့အတွက် ခရီးစဉ်အား ရပ်ဆိုင်းခဲ့ရခြင်းဖြစ်ပါတယ်။

ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်တင်ရဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့တွင် နေထိုင်လျက်ရှိသောဝန်ထမ်းများနှင့်ပြည်သူပြည်သားများ ခရီးသွားလာရေးအတွက် ယခင်ပျံသန်းပြေးဆွဲခဲ့ဖူးသော လွိုင်လင်ခရိုင်၊ နမ့်စန်မြို့ရှိ နမ့်စန်လေယာဉ်ကွင်းကို တပ်မတော်လေယာဉ်များအပြင် အရပ်ဘက် ခရီးသည်တင်လေယာဉ်လိုင်းများ ပြေးဆွဲနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်ဘဏ္ဍာငွေရယူခြင်းမပြုဘဲ မိမိဝင်ငွေအပေါ်မှာရပ်တည်နေရတဲ့ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့်အတွက် လေကြောင်းလိုင်း ရေရှည်ရပ်တည်နိုင်ရန်အတွက် လောလောဆယ်မှာ နမ့်စန်လေယာဉ်ကွင်းသို့ ပျံသန်းပြေးဆွဲပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ သို့သော်လည်း ၂၀၁၅ ခုနှစ်မှာ မြန်မာ့လေကြောင်းနဲ့ ATR ကုမ္ပဏီတို့စာချုပ်အရ လေယာဉ်ပျံ ခြောက်စီးအသစ်ဝယ်ယူရန်ရှိတဲ့အခါမှာ

**မူကြမ်း**

လေယာဉ်သစ်များရောက်ရှိလာတဲ့အခါမှာတော့ နမ့်စန်ဒေသကိုထည့်သွင်းပြီးတော့ ပြေးဆွဲပေးဖို့ လျာထားစီမံသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဂွမြို့ရှိ လေယာဉ်ကွင်းအဟောင်းအား ပုဂ္ဂလိကကုမ္ပဏီများသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဂွမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ဂွမြို့မှာ ဂွမြို့နဲ့ ကပ်လျက်ပင်လယ်ကမ်းခြေနားမှာ ပြေးလမ်း ပေ ၄၃၀၀ ကျော် ရှိတဲ့ လေယာဉ်ကွင်းရှိပါတယ်။ အဲဒီလေယာဉ်ကွင်းဟာ ယခင်က ဒါကိုတာလေယာဉ်များ၊ တွင်အော် တာလေယာဉ်များဟာ ၁၉၇၂ မှ ၁၉၈၃ ခုနှစ်ထိ ဆင်းသက်ခဲ့ပါတယ်။ ယခုအခါ အသုံးမပြုသည်မှာ နှစ် ၃၀ ခန့်ရှိပြီဖြစ်တဲ့အတွက်ကြောင့် လေယာဉ်ကွင်းမှာ ရေလုပ်ငန်းပြုလုပ်တဲ့ဝန်ထမ်းများ ဖြတ်သန်း အသုံးပြုနေခြင်း၊ အမှိုက်များစွန့်ပစ်ခြင်း၊ ဘေးပတ်ဝန်းကျင်တွင် အိမ်ရာများတိုးပွားနေပါတယ်။ ယခင် က လေယာဉ်များ ရပ်နားတဲ့နေရာမှာ ယခုအခါ အဆောက်အဦတွေ ဆောက်လုပ်ထားရှိပြီး ဖြစ်ပါ တယ်။ လေကြောင်းပို့ဆောင်ရေးဦးစီးဌာနရဲ့ ၂၇-၉-၂၀၁၃ မှ ၃၀-၉-၂၀၁၃ ထိ ကွင်းဆင်းစစ်ဆေး ခြင်းအရ ယခင် ၁၉၇၀၊ ၁၉၈၀ ခုနှစ် စာရင်းမြေပုံအရ လေယာဉ်ကွင်းမှာ ၁၀၉.၁ ဧကရှိသော်လည်း ယခုအခါ များစွာ လျော့နည်းလျက်ရှိကြောင်း တွေ့ရပါတယ်။ မြို့နဲ့ အနီးကပ်ဆုံးနေရာမျိုးမှာ ယခု ကဲ့သို့ လေယာဉ်ကွင်း ရရှိဖို့ မလွယ်ပါဘူး။ အဲ့တော့ ဒီလေယာဉ်ကွင်းကို ဒီအတိုင်းထားရှိမယ်ဆိုလို့ရှိ ရင် သုံးလို့မရအောင် ပျက်စီးသွားနိုင်တဲ့ အနေအထားရှိတဲ့အတွက်ကြောင့် နိုင်ငံတော်အနေဖြင့် လေယာဉ်ကွင်းအား ယခု ထက်ပိုမိုပျက်စီးမသွားစေရန် ခြံစည်းရိုးများကာရံခြင်းစတဲ့ လုပ်ငန်းများကို ဖြည့်တင်းထားသင့်ပါတယ်။ ဒီကွင်းကိုစနစ်တကျ လေယာဉ်များဆင်းလို့ရအောင်လုပ်နိုင်မယ်ဆိုလျှင် ဒီနေ့ ကမ်းသာယာအပန်းဖြေစခန်းကို နိုင်ငံခြားမှ ခရီးသည်များလာရောက်နိုင်မှာဖြစ်တဲ့အပြင် ဂွမြို့ နယ်နဲ့အနီးမှာရှိတဲ့ ကမ်းလွန်ရေနံတွင်းလုပ်ငန်းများမှ ရေနံထွက်လာတဲ့အခါ Exit Transport Air trip အတွက်လည်း အသုံးပြုနိုင်မည်ဖြစ်တဲ့အတွက်ကြောင့် အခြေအနေပိုမိုဆိုးပြီး သုံးမရတဲ့ အခြေအနေ မျိုးလည်း ရောက်ရှိသွားနိုင်တဲ့အခြေအနေမျိုးမဖြစ်ရအောင် ကျွန်တော်ယခု မေးခွန်းကို မေးရခြင်း ဖြစ် ပါတယ်။

မေးခွန်းခေါင်းစဉ်က ဂွမြို့ရှိလေယာဉ်ကွင်းဟောင်းအား နိုင်ငံတော်မှ ထိန်းသိမ်းထားရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍မရှိပါက ပုဂ္ဂလိကကုမ္ပဏီများအား BOT စနစ်ဖြင့် လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ၏မေးခွန်းကို ကျွန်တော်မှ ဆက်လက်ဖြေကြားမှာ ဖြစ်ပါတယ်။ ဂွလေယာဉ်ကွင်းဟာ ရခိုင်ပြည်နယ်၊ ဂွမြို့ပင်လယ်ကမ်းစပ်နှင့်အပြိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၆ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၅ မိနစ်၊ ပင်လယ်ရေမျက်နှာပြင်အမြင့် ၁၁ ပေမှာ တည်ရှိပါတယ်။ ဂွလေယာဉ်ကွင်းတွင် ၁၉၇၂ ခုနှစ်မှစတင်၍ တွင်အော်တာလေယာဉ်များ ဆင်းသက်အသုံးပြုခဲ့ပြီး ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးနောက် ၁၉၈၃ ခုနှစ်တွင် လေယာဉ်ခရီးစဉ်ပြေးဆွဲမှုများ ရပ်ဆိုင်းခဲ့ပါတယ်။ ထို့နောက် လေယာဉ်ကွင်းအား ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် လက်ရှိလေယာဉ်ပြေးလမ်းတွင် လေယာဉ်များ ဆင်းသက်နိုင်မှုမရှိသည့် အခြေအနေ ဖြစ်ပေါ်လျက် ရှိပါတယ်။ ၂၄-၁၂-၁၉၉၄ ခုနှစ်တွင် ကွင်းဆင်းစစ်ဆေးချက်အရ လေယာဉ်ပြေးလမ်းမှာ အလျား ၄၂၆၀ ပေ၊ အကျယ် ၁၀၀ ပေနှင့် ပြေးလမ်းဦးတည်ရပ်မှာ ၀၃၀ ဒီဂရီ/၂၁၀ ဒီဂရီ အနေအထားမှာရှိပြီး ကြိတ်လိမ့်ထားသော မြေသားပြေးလမ်း ဖြစ်ပါတယ်။

ဂွလေယာဉ်ကွင်း လက်ရှိအခြေအနေကို စစ်ဆေးပေးဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးဦးကြည်သာ မေတ္တာရပ်ခံချက်အရပဲ ဂွလေယာဉ်ကွင်းရဲ့ လက်ရှိအခြေအနေကိုသိဖို့အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာအဖွဲ့က ၂၇-၉-၂၀၁၃ ရက်နေ့မှ ၃၀-၉-၂၀၁၃ ရက်နေ့အထိ ဂွလေယာဉ်ကွင်းသို့ ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ လေယာဉ်ကွင်းအတွင်း ကျူးကျော်နေထိုင်သူများရှိနေ၍ အဆိုပါ ကျူးကျော်သူများအား ဖယ်ရှားပေးနိုင်ရေး၊ နောက်ထပ်ကျူးကျော်သူများ ထပ်မံဝင်ရောက်မလာရေးနှင့် လေယာဉ်ကွင်းအား ထိန်းသိမ်းထားရှိပေးနိုင်ရေးတို့အတွက် ဂွမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် လေယာဉ်ခရီးစဉ်များ ပြေးဆွဲလျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုနှင့် ပြည်တွင်းလေဆိပ် ၃၀ အပါ အဝင် လေဆိပ်/လေယာဉ်ကွင်း ၃၃ ကွင်းတွင် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆင်း/တက်အသုံးပြုနိုင်ရေးအတွက် လေယာဉ်ကွင်းများ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ဂွလေယာဉ်ကွင်းဟာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားသော ကွင်းတိုအမျိုးအစားပါဝင်နေတဲ့အတွက် နိုင်ငံတော်က ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ပြီး လိုအပ်သည့် ခြံစည်းရိုးကာရံမှုများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လက်ရှိအသုံးပြုနေတဲ့ ပြည်တွင်းလေဆိပ်များအား ပုဂ္ဂလိကကုမ္ပဏီများသို့ လွှဲပြောင်းလုပ်ကိုင်နိုင်ရန် လေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးမှာ စိတ်ပါဝင်စားတဲ့ ကုမ္ပဏီများကို Register of Interest (ROI) ခေါ်ယူထားခဲ့ပြီး၊ လွှဲပြောင်းရယူလိုသော လေယာဉ်ကွင်းများအလိုက် ပုဂ္ဂလိကအခန်းကဏ္ဍပါဝင်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကို ဆောင်ရွက်နေစဉ်အတွင်းမှာပဲ ဖြည့်စွက်တင်ပြလိုတာကတော့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကဲ့သို့ပဲ မြန်မာ့လေဆိပ်များအာဏာပိုင်ဥပဒေတစ်ရပ်ရေးဆွဲနိုင်ရေးအတွက် ဝန်ကြီးဌာနနဲ့ ရှေ့နေချုပ်ရုံးကနေပြီးတော့ ရှေ့နေချုပ်ကိုတင်ပြပြီး အပြန်အလှန်စိစစ်ပြီးတော့မှ ဥပဒေအရ အကောင်အထည်ဖော်သွားရမယ့် လုပ်ငန်းတစ်ရပ်ဖြစ်နေတဲ့အတွက် ပုဂ္ဂလိကလွှဲပြောင်းတာ ဥပဒေနဲ့အညီဖြစ်စေဖို့အတွက် ဥပဒေအပြီး ပုဂ္ဂလိကတွေကို ကြိုတင်ခေါ်ယူပြီးတော့မှ ညှိနှိုင်းထားခြင်းပဲဖြစ်ပါတယ်။ ဥပဒေပေါ်ပေါက်လာပါက ကျွန်တော်တို့ လွှဲပြောင်းပေးနိုင်မှာ ဖြစ်ပါတယ်။ ဂွလေယာဉ်ကွင်းဟာလည်း ကျန်လေယာဉ်ကွင်းတို ၃၀ ကွင်းရှိပါတယ်။ ဒီလိုပဲ ပုဂ္ဂလိကအခန်းကဏ္ဍ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လွှဲပြောင်းပေးနိုင်တဲ့အချိန်မှာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျောက်ပန်းတောင်းမြို့နယ်၊ ဆိတ်ထိန်းရွာနှင့် ကမ်းဖြူရွာအနီး မြေအောက်မှ သဘာဝဓာတ်ငွေ့ရရှိပါက တာဘိုင်ဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် စမ်းသပ်ထုတ်လုပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ဆိတ်ထိန်းရွာနဲ့ ကမ်းဖြူရွာအနီး မြေအောက်တွင် သဘာဝဓာတ်ငွေ့သိုက်ရှိကြောင်း၊ မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနတွင် ပါမောက္ခအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်သွားခဲ့သော Mr.T.O MORRIS က ကျွန်တော်နှင့်အတူ ကျောက်ခေတ်နှောင်းဒေသတွေကို လိုက်လံရှာဖွေရင်း လွန်ခဲ့တဲ့နှစ် ၄၀ က ပြောကြားသွားပါတယ်။ သဘာဝဓာတ်ငွေ့ရရှိပါက တာဘိုင်ဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စမ်းသပ်ထုတ်လုပ်နိုင်ပါတယ်။ အကယ်၍ သဘာဝဓာတ်ငွေ့ရရှိပါက ကျွန်တော်တို့ မင်းဘူးက ကန်ရေပူကထုတ်လိုက်တဲ့ ကျွန်တော်တို့ သဘာဝဓာတ်ငွေ့တာဘိုင်နဲ့ မင်းဘူးတစ်မြို့လုံး၊ နောက် တောင်တွင်းကြီးတစ်မြို့လုံး၊ မကွေးတစ်မြို့လုံး အဲဒီကနေပေးပါတယ်။ နောက် ကျွန်တော်တို့ ပုဂံညောင်ဦးဒေသရဲ့ မျက်နှာချင်းဆိုင်ဖြစ်တဲ့ ကျွန်းချောင်းကလည်း အဲ့ဒီမှာ ဂက်(စ်)တာဘိုင်နဲ့ မုံရွာတို့ ကျွန်တော်တို့ ပခုက္ကူတို့ထိ အောင်ပေးနိုင်ပါတယ်။ အဲ့လိုပဲ အခုလည်းရရှိခဲ့ရင် ဒီနားမှာရှိတဲ့ရွာတွေ၊ ကျောက်ပန်းတောင်းမြို့နယ်မှာရှိတဲ့ရွာတွေ၊ ညောင်ဦးမြို့နယ်မှာရှိတဲ့ရွာတွေရယ်ကို ကျွန်တော်တို့ လျှပ်စစ်ပေးနိုင်ပါတယ်။

အဲဒါ့ကြောင့်မို့လို့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ စမ်းသပ်ထုတ်လုပ်ပေးနိုင်ခြင်းရှိ/မရှိ သိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်းကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာများမီးလင်းရေးအတွက် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေရန် ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ရဲ့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ဆိတ်ထိန်းရွာနှင့် ကမ်းဖြူရွာအနီး မြေအောက်တွင် သဘာဝဓာတ်ငွေ့ထွက်ရှိကြောင်း မန္တလေးတက္ကသိုလ်၊ ဘူမိဗေဒဌာန၊ ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေတဲ့ Mr.T.O MORRIS ကလွန်ခဲ့တဲ့ အနှစ် ၄၀ လောက်က ပြောကြားသွားတာကတော့ သဘာဝဓာတ်ငွေ့ရရှိနိုင်လို့ရှိရင် တာဘိုင်ဖြင့် အနီးပတ်ဝန်းကျင်များ မီးလင်းနိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနနဲ့ စမ်းသပ်ထုတ်လုပ်ပေးနိုင်ခြင်းရှိ/မရှိဆိုတဲ့မေးခွန်းကို ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန ကိုယ်စား ကျွန်တော် ဦးအောင်ထူး၊ ဒုတိယဝန်ကြီးကနေပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒီမေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျောက်ပန်းတောင်းမြို့နယ်၊ ကမ်းဖြူကျေးရွာနဲ့ ဆိတ်ထိန်းကျေးရွာ အနီးမှာ ကျွန်တော်တို့ ဘူမိဗေဒအဆိုအရတော့ ဒါကဗတ်ဆိုတဲ့ ဘူမိဗေဒအနေအထား Structure တစ်ခုရှိပါတယ်။ အဲ့ဒီ Structure မှာ ၁၉၀၆ ခုနှစ်က ဒီ BOC ခေါ်တဲ့ Burma Oil Company ကနေပြီးတော့ ရေနံရှာဖွေရေးလုပ်တဲ့နေရာမှာ အဲဒီနေရာမှာ လေးတွင်းတူးပြီးတော့ အနက်ပေ ၂၆၀၀ လောက်ထိတူးခဲ့တဲ့နေရာမှာ အနက်ပေ ၈၅၀ ခန့်သာ ဓာတ်ငွေ့အနည်းငယ် တွေ့ရှိခဲ့ရပါတယ်။ အဲဒါနဲ့စပ်ပြီးတော့မှ Union Oil Company ကလည်းပဲ အဲ့ဒီနားမှာ တစ်တွင်းတူးဖော်တဲ့နေရာမှာ အနက်ပေ ၉၈၅ ခန့်မှာ သဘာဝဓာတ်ငွေ့အနည်းငယ်ပဲ စမ်းသပ်တွေ့ရှိခဲ့ပြီးတော့ နောက်ပိုင်း YOSEL ကုမ္ပဏီက တစ်တွင်းတူးတဲ့နေရာမှာ ရေနံဓာတ်ငွေ့မတွေ့ရှိခဲ့ရပါဘူး။ အဲ့တော့ ကျွန်တော်တို့ အဲ့ဒီဒေသလေးကို တစ်ခါ ၁၉၈၀ ပတ်ဝန်းကျင်မှာ ဒီလုပ်ကွက်အနေနဲ့ Block PSC-E ဆိုပြီးတော့ Production Sharing Contract လုပ်ဖို့ E ဆိုပြီးသတ်မှတ်ပြီးတော့ ကျွန်တော်တို့ နိုင်ငံခြားရေနံကုမ္ပဏီတွေကို ဖိတ်ခေါ်တဲ့နေရာမှာ ၁၉၉၂ ခုနှစ်မှာ ဒီနိုင်ငံခြားရေနံ ကုမ္ပဏီဖြစ်တဲ့ ကနေဒါနိုင်ငံက Petro Canada ရေနံကုမ္ပဏီကနေပြီးတော့ ဒီလုပ်ကွက်ကို ထုတ်လုပ်မှုပေါ် ခွဲယူခံစားခြင်းစာချုပ်ချုပ်ဆိုပြီးတော့ နဝရတ်တွင်းနံပါတ်(၁)နှင့် ကဗတ်(မြောက်-၁)ဆိုပြီး တစ်တွင်းတူးခဲ့တဲ့နေရာမှာ သူတို့ဒီစမ်းသပ်တာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိမှုမရှိတာနဲ့ ဒီလုပ်ကွက်ကိုသူတို့ စွန့်ခွာခဲ့ပါတယ်။ သူတို့စွန့်ခွာပြီးတဲ့နောက်ပိုင်းမှာ သူတို့တိုင်းတာရရှိတဲ့ အချက်အလက်တွေပေါ်မူတည်ပြီး ကျွန်တော်တို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကလည်းပဲ အဲဒီမှာ နဝရတ်တွင်း(၂)၊ နဝရတ်

တွင်း(၃)၊ ကျွဲကန်တွင်း(၁)၊  မြင်းမူ၊ ထီးဘုး အဲ့လိုအစမ်းတွင်းတွေပေါ့။ ထပ်ပြီးတော့ အဲ့ဒေသသွားပြီး တော့ ဆက်တူးတဲ့အခါမှာလည်းပဲ ကျွန်တော်တို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ စမ်းသပ်ရရှိမှုမရှိခဲ့ပါဘူး။ ဒါပေမယ့် လောလောဆယ်တော့ ကျွန်တော်တို့ ဒီလုပ်ကွက်ကို စိတ်ဝင်တစားရှိတဲ့ Asia Orient International Ltd., ကနေပြီးတော့ အခု ကျွန်တော်တို့ PSC စာချုပ်ချုပ်ပြီးတော့ ရှာဖွေနေပါတယ်။ ပြီးခဲ့တဲ့နွေရာသီမှာတော့ သူတို့ Seismic, two dimensional Seismic Survey တွေတိုင်းပြီးတော့ Processing နဲ့ Interpretation တွေ လုပ်နေပါတယ်။ ဒီဟာကို ဒီပေါ်မှာရရှိတဲ့ Results ကကောင်း မယ်ဆိုလို့ရှိရင်တော့ သူတို့က ဒီဒေသမှာ အစမ်းတွင်းတွေ ထပ်တူးပြီးတော့ တကယ်လို့များ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မယ်ဆိုလို့ရှိရင်တော့ ဒါ စွမ်းအင်ဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး သဘာဝ ဓာတ်ငွေ့တာဘိုင်တွေနဲ့ ကျေးရွာတွေမီးလင်းနိုင်ရေး ကျွန်တော်တို့ ဆောင်ရွက်မယ်ဆိုတဲ့အကြောင်းကို ဖြေရှင်းတင်ပြပါတယ်။ အားလုံးကိုကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ကမ်းလွန်နှင့် ကုန်းတွင်းရေနံသဘာဝဓာတ်ငွေ့လုပ်ကွက်များကို ကျွမ်းကျင်ပညာရှင်များပါဝင်သော အဖွဲ့များဖြင့် စောင့်ကြည့်ကြပ်မတ်ပေးသော အစီအမံရေးဆွဲဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့်ဧည့်သည်တော်များ၊ ကိုယ်စားလှယ်တော်ကြီးများ ကျန်းမာရွှင်လန်းကြပါစေ။ ကန်ပက်လက် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် သူရဦးအောင်ကိုအနေနဲ့ မေးမြန်းတင်ပြမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ပိုင်ခွင့်ရရှိတဲ့ကုမ္ပဏီများရဲ့ ပိုင်ဆိုင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နှစ်စဉ်ထုတ်ယူမှု နောက်နိုင်ငံတော်သို့ အခွန်ဘဏ္ဍာငွေပေးသွင်းမှုအပါအဝင် သတင်း အချက်အလက်တွေကို ဤလွှတ်တော်ကြီးကနေတစ်ဆင့် ပြည်သူသို့တင်ပြပေးရန် ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ခွင့်ရရှိကြတဲ့ ကုမ္ပဏီများအနေနဲ့ ပိုင်ဆိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးပမာဏအချက်အလက်များကို တရားဝင်သတင်းထုတ်ပြန်ပေးရန် Global Witness လို့ ခေါ်တဲ့ နိုင်ငံတကာစောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ကနေပြီးမှ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကို တိုက်တွန်းထားကြောင်း သတင်းများထွက်ပေါ်နေပါတယ်။ မြန်မာ့ကမ်းလွန်ပင်လယ်မှာ ရေနံနှင့်

သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ဖို့အတွက် ကမ္ဘာကျော်ကုမ္ပဏီများဖြစ်ကြတဲ့ Total, Chevron, Shell ကုမ္ပဏီများအပါအဝင် ကုမ္ပဏီ ၁၃ ခုကို လုပ်ပိုင်ခွင့်ချပေးလိုက်ကြောင်း စွမ်းအင်ဝန်ကြီးဌာန ကနေပြီးမှ ၂၀၁၄ ခုနှစ်၊ မတ်လမှာ သတင်းထုတ်ပြန်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ မြန်မာနိုင်ငံမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ထုတ်ယူခွင့်ပြုထားတဲ့ ကုမ္ပဏီပေါင်း ၅၀ ခန့်ရှိတယ်လို့ ခန့်မှန်း ရပါတယ်။ အဲဒီကုမ္ပဏီများအနက်ကနေပြီးမှ ကုမ္ပဏီ ၁၃ ခုလောက်ကသာ ပိုင်ဆိုင်မှု၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာအချက်အလက်များကို အသိပေးထုတ်ပြန်ကြောင်းလည်း သိရှိရပါတယ်။

အဲ့ဒီကုမ္ပဏီများမှာ အိန္ဒိယနိုင်ငံအစိုးရပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ကော်ပိုရေးရှင်း (ONGC) နှင့် မြန်မာနိုင်ငံအခြေစိုက် Machinery and Solution ကုမ္ပဏီနှစ်ခုသာ အသေးစိတ် အချက်အလက်များ ထုတ်ပြန်ခဲ့ကြောင်းလည်းပဲ သတင်းများရရှိပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီအများစုဟာ ပိုင်ဆိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော် မကြေညာခြင်းအားဖြင့် မြန်မာနိုင်ငံရဲ့ သယံဇာတတူးဖော်ထုတ်လုပ်မှုကဏ္ဍမှာ ကာလရှည်ကြာစွာ လိုက်စားနေတဲ့ အကျင့်ပျက်ခြစားမှုများ ပိုမိုအားကောင်းလာနိုင်ကြောင်း၊ နိုင်ငံအနေနဲ့ နှစ်စဉ်ရသင့် ရထိုက်တဲ့ အခွန်ဘဏ္ဍာငွေများ အပြည့်အဝမရရှိဘဲ ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ကြောင်း၊ Global Witness အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက ဝေဖန်သုံးသပ်နေကြပါတယ်။ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ရှာဖွေထုတ်ယူခွင့်ရရှိကြတဲ့ ကုမ္ပဏီအများစုဟာ သူတို့ရဲ့ပိုင်ဆိုင်မှု၊ ရင်းနှီးမြှုပ်နှံမှု နှစ်အလိုက်အမှန်ထုတ်လုပ်ရယူတဲ့ ပမာဏနဲ့ နိုင်ငံတော်ပေးသွင်းတဲ့ အခွန်ဘဏ္ဍာငွေအင်အားပမာဏ စတဲ့စာရင်းဇယားအချက်အလက်တွေကို အများပြည်သူမသိနိုင်အောင်ဖုံးကွယ်ထားခြင်းဖြင့် ဥပဒေ စိုးမိုးမှုရဲ့ပြင်ပမှာ လှုပ်ရှားဆောင်ရွက်နေရသည့် သဘောမျိုးဖြစ်ပေါ်နေတယ်လို့လည်း သုံးသပ်ကြပါ တယ်။

မြန်မာနိုင်ငံမှာ ကမ်းလွန်နှင့်ကုန်းတွင်းရေနံသဘာဝဓာတ်ငွေ့လုပ်ကွက်များကို ချမှတ်ပေးတဲ့ နေရာမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သီးသန့်လုပ်ဆောင်ခွင့်မပြုဘဲ ပြည်တွင်းနိုင်ငံသားကုမ္ပဏီများနှင့် တွဲဖက်လုပ်ကိုင်တဲ့စနစ်ကျင့်သုံးနေကြောင်းလည်းပဲ လေ့လာသိရှိရပါတယ်။ သို့သော်လည်း လုပ်ငန်း နဲ့သက်ဆိုင်တဲ့ သတင်းအချက်အလက်များဟာ ပွင့်လင်းမြင်သာမှုမရှိသောကြောင့် ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုများဖြစ်ပွားနေကြောင်းလည်း လုပ်ငန်းနယ်ပယ်များက သတင်းများထွက်ပေါ်နေပါ တယ်။ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများမှ နိုင်ငံတော်အတွက် ရသင့်ရထိုက်တဲ့ အခွန်ဘဏ္ဍာငွေ များအပြည့်အဝရရှိစေဖို့နဲ့ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းပပျောက်သွားအောင် ပြည်ထောင်စုအစိုးရ

နှင့် ပြည်ထောင်စုလွှတ်တော်တို့က ကြပ်မတ်ထိန်းသိမ်းပေးရန် ယနေ့ ပြည်သူများက လိုလား တောင်းဆိုနေကြပါတယ်။ ဒါကြောင့်မို့လို့ ပထမအချက်အနေနဲ့ ပြည်ထောင်စုအစိုးရက ကမ်းလွန် နှင့်ကုန်းတွင်းရေနံသဘာဝဓာတ်ငွေ့လုပ်ကွက်များကို ကျွမ်းကျင်ပညာရှင်များပါဝင်တဲ့ အဖွဲ့များဖြင့် စောင့်ကြည့်ကြပ်မတ်ပေးသော(Ener gy Watch) အစီအမံများရေးဆွဲဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ။ ဒုတိယအချက်အနေနဲ့ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ပိုင်ခွင့်ချမှတ်ပေးထားတဲ့ ပြည်တွင်းပြည်ပ ကုမ္ပဏီများရဲ့ ပိုင်ဆိုင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှစ်စဉ်ထုတ်လုပ်မှု အခွန်ဘဏ္ဍာပေးသွင်းမှုစသည်တို့ကို ဤလွှတ်တော်ကြီးမှတစ်ဆင့် ပြည်သူသို့ နှစ်စဉ်သီးသန့်တင်ပြပေးနိုင်ခြင်းရှိ/မရှိ ရှင်းလင်းဖြေကြားပေး ပါရန် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့မေးခွန်းနှင့်ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော် ကပဲ ဆက်ပြီးတော့ ရှင်းလင်းသွားပါမယ်။ အခု ကျွန်တော်တို့ ရှင်းလင်းဖြေကြားသွားမယ့်အချက်က များပြားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ကန့်သတ်ထားတဲ့ အချိန်ကလေးထက် နည်းနည်း ပိုပြီးတော့ အနည်းငယ်ခွင့်ပြုပေးနိုင်ဖို့လည်း ပဏာမကျွန်တော်ပန်ကြားလိုပါတယ်။ ဒီကျွန်တော်တို့ ပထမဆုံးလုပ်နေတာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက စွမ်းအင်ဝန်ကြီးဌာနအောက်မှာရှိတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ကမ်းလွန်နှင့် ကုန်းတွင်းရေနံ ရှာဖွေရေးလုပ်ကွက်များအား စောင့်ကြည့် ကြပ်မတ်ပေးတဲ့ အစီအမံကို ဒါယခင်ကတည်းကပဲ ဆောင်ရွက်နေပါတယ်။ ဘယ်လိုဆောင်ရွက် နေတယ်ဆိုတာလည်း ကျွန်တော်ဆက်ပြီးတင်ပြပေးသွားမှာဖြစ်ပါတယ်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဟာ နိုင်ငံခြားကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်နေတဲ့ လုပ်ကွက်တွေမှာ သက်ဆိုင်ရာစာချုပ်ပါပြဋ္ဌာန်းချက်စည်းကမ်းများ၊ နောက်ပြီးတော့ MIC Permit ပါလုပ်ငန်းလုပ်ဆောင်ရမယ့်သက်တမ်း၊ အနည်းဆုံးလုပ်ဆောင်ရမယ့်လုပ်ငန်း၊ နှစ်စဉ် လုပ်မယ့်လုပ်ငန်းနဲ့ သူတို့ရဲ့ဘတ်ဂျက်တွေကိုလည်းပဲ ကျွန်တော်တို့ စောင့်ကြည့်ကြပ်မတ်ဖို့အတွက် ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနမှာရှိတဲ့ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှာ ဒီနည်းပညာ နှင့်ပတ်သက်လို့ စောင့်ကြည့်ဖို့အတွက်ကို Technical Sub-Committee ဆိုတာကို ကျွန်တော်တို့

ဖွဲ့စည်းထားပါတယ်။ ငွေရေးကြေးရေးနဲ့ပတ်သက်လို့ စောင့်ကြည့်ဖို့ကို Accounting Sub-Committee ဆိုပြီးဖွဲ့စည်းထားပါတယ်။ ပစ္စည်းဝယ်ယူရေးနှင့်ပတ်သက်လို့ သူတို့စောင့်ကြည့်ဖို့အတွက်ကို Procurement Sub-Committee ဆိုပြီးတော့ ကျွန်တော်တို့ဒီ Sub-Committee တွေကို ဖွဲ့စည်းထားပါတယ်။ သူတို့ဖွဲ့စည်းထားတဲ့ သူတို့အနေနဲ့တွေ့ရှိချက်အားလုံးကို ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနက ဒုတိယဝန်ကြီးပါဝင်တဲ့ Steering Committee အဖွဲ့ကနေပြီးတော့မှ ထိန်းကျောင်းပေးရတဲ့စနစ်ကလေးတွေဟာ ကျွန်တော်တို့ ယခင်ကတည်းက ကျွန်တော်တို့လုပ်လာခဲ့တဲ့စနစ်ကလေးဖြစ်ပါတယ်။ အဲဒီတော့ ဒီနိုင်ငံခြားကုမ္ပဏီတွေနဲ့ လုပ်တဲ့နေရာမှာ အပိုင်းလေးနှစ်ပိုင်း ကျွန်တော်ခွဲခြားပြီးတော့ တင်ပြလိုပါတယ်။ ပထမရှာဖွေရေးအပိုင်းနဲ့ ဒုတိယထုတ်လုပ်ရေးအပိုင်းပါ အခုနက ကျွန်တော်တို့ မေးခွန်းထဲမှာ ကုမ္ပဏီပေါင်း ၅၀ လောက်လုပ်သွားတယ် လုပ်နေပါတယ်ဆိုတာက သူက ရှာဖွေရေးအပိုင်းကိုလုပ်နေတာဖြစ်ပါတယ်။ အဲတော့ ကုန်းပိုင်းမှာရော၊ ရေပိုင်းမှာရော ရှာဖွေရေးလုပ်တဲ့နေရာမှာ ကျွန်တော်တို့ဖွဲ့စည်းထားတဲ့ Technical နည်းပညာဆိုင်ရာဆပ်ကော်မတီကနေပြီး သူတို့ဘာလုပ်ချင်တယ်ဆိုတဲ့ အချက်အလက်အားလုံးကို နောက်တစ်နှစ်လုပ်မယ့် အချက်အလက်အားလုံးရဲ့ Work Program နဲ့ ဘတ်ဂျက်ကို ကျွန်တော်တို့ နည်းပညာဆိုင်ရာ ဆပ်ကော်မတီနဲ့ Accounting Sub-Committee ကနေပြီးတော့ သူတို့လုပ်ချင်တဲ့ဟာကို ဆွေးနွေးပြီးတော့မှ တကယ်လို့ ဒီဆပ်ကော်မတီကလက်ခံလို့ရှိရင် ကျွန်တော်တို့ Steering Committee ကိုတင်ပြပြီးမှ အတည်ပြုလုပ်ဆောင်သွားတဲ့အလေ့အထလေးရှိပါတယ်။

အလားတူပဲ ကမ်းလွန်ပိုင်းမှာလည်းပဲ ကျွန်တော်တို့က Technical Committee Meeting တို့၊ နောက်ပြီး Operational Committee Meeting တို့၊ Management Committee Meeting တွေနဲ့။ အဲဒီကနေပြီးတော့ သူတွေ့ရှိချက်တွေကို ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနက ဒုတိယဝန်ကြီးတွေနဲ့ DG, MD တွေနဲ့ ဦးဆောင်ပါဝင်တဲ့အဖွဲ့ကနေပြီးတော့ သေချာစနစ်တကျစိစစ်ပြီးမှ ကျွန်တော်တို့ ဒါကိုခွင့်ပြုချက်တွေပေးပြီးသွားပါတယ်။ အဲဒီတော့ ဒါရေနံရှာဖွေရေးလုပ်နေတဲ့ အပိုင်း တကယ်လို့ အဲဒီရေနံရှာဖွေရေးလုပ်နေတဲ့ ကုမ္ပဏီတွေ တကယ်လို့ ရေနံတွေ့တယ်။ သဘာဝဓာတ်ငွေ့တွေ့လို့ ရေနံထုတ်ပြီးဆိုတဲ့အခါကျလို့ရှိရင် သူတို့အခုနက Technical ကိစ္စတွေ၊ Financial ကိစ္စတွေ နောက်ပြီးတော့ ပစ္စည်းဝယ်ယူရေးကိစ္စတွေ အားလုံးကို ကျွန်တော်တို့ ဒီကော်မတီတွေနဲ့ ဆက်ပြီးထိန်းသိမ်းထားပြီးတဲ့နောက် သူတို့ရဲ့ ကုန်းပိုင်းမှာဆိုရင် ရေနံမြေ၊ ကမ်းလွန်မှာဆိုရင်တော့ Production Platform တွေပါ။ နောက်ပြီးတော့ တစ်ခါ ပိုက်လိုင်းတွေမှာ ကျွန်တော်တို့စွမ်းအင်

ဝန်ကြီးဌာနက စောင့်ကြည့်တဲ့အဖွဲ့တွေကို တာဝန်ပေးပြီးတော့ အဲဒီသူတို့ရဲ့ Platform ပေါ်မှာ သူတို့ရဲ့ ရေနံမြေတွေ၊ သူတို့ရဲ့ ပိုက်လိုင်းတစ်လျှောက်မှာ ကျွန်တော်တို့ အဖွဲ့တွေက အမြဲတမ်းစောင့်ကြည့်ပြီးတော့ သူတို့ရေနံထုတ်လုပ်၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်တာတို့၊ သဘာဝဓာတ်ငွေ့အကြောင်းကြောင်းကြောင့် Shut Down ဖြစ်တာတို့ကို အမြဲတမ်းစောင့်ကြည့်ပြီးတော့မှ ကျွန်တော်တို့နဲ့ သဘောတူညီချက်ရပြီးတော့မှ ဒါမျိုးတွေကို ဆက်ပြီးတော့ လုပ်ငန်းဆက်ဆောင်ရွက်တဲ့ အနေအထားလေးလည်းရှိပါတယ်။

တစ်ချိန်တည်းမှာပဲ ဒီရေနံရှာဖွေရေးအပိုင်းမှာ မအောင်မြင်တဲ့ ရေနံကုမ္ပဏီတွေကတော့ သူ့အချိန်ကာလ သတ်မှတ်ချက်ကုန်သွားရင်တော့ သူတို့ပြန်ပြီးတော့ စာချုပ်ကိုဖျက်သိမ်းပစ်ရပါတယ်။ အဲဒီတော့ အောင်မြင်သွားတဲ့အခါကျတော့ ထုတ်လုပ်ရေးအပိုင်းရောက်လာလို့ ဝင်ငွေရှိလာတဲ့အခါကျရင် ဒီကုမ္ပဏီတွေဟာ သူတို့လုပ်ငန်းများဆောင်ရွက်နေတဲ့အတွက် ဒီဒေသတွေမှာရှိတဲ့ ဒေသခံတွေဟာ ဒီလုပ်ငန်းတွေလုပ်လိုက်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အနည်းဆုံးဖြစ်အောင်လုပ်တဲ့ ရေနံရဲ့ Practice ရှိပါတယ်။ ဒါပေမယ့် အနည်းငယ်တော့ ပျက်စီးကြတာ ထုံးစံပဲဖြစ်ပါတယ်။ အလားတူပဲ လူမှုရေးလုပ်ငန်းတွေမှာလည်း လူတွေရဲ့သွားလာမှုတွေမှာလည်း အနည်းငယ်ထိခိုက်မှုဖြစ်တဲ့အတွက် အဲဒီလို လူတွေရဲ့ပတ်ဝန်းကျင်၊ လူတွေရဲ့သွားလာမှုကို အနည်းငယ်ထိခိုက် နေတဲ့အတွက် အဲဒီထိခိုက်မှုကို ကျွန်တော်တို့ ပြန်လည်ပေးဆပ်တယ်။ ဒါကိုသူတို့ကျေနပ် အောင်ဆိုပြီးတော့ ဒီ International Practice နဲ့ပဲ သူတို့တစ်တွေရဲ့ လိုအပ်ချက်ကလေးတွေ၊ ဒီဒေသရဲ့လိုအပ်ချက်တွေကို Socio-Eco လုပ်ငန်းတွေအများကြီးပဲ ကျွန်တော်တို့သေချာစနစ်တကျနဲ့ဆောင်ရွက်ပြီးတော့ လုပ်ခဲ့တာလည်းပဲ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီတော့ ပစ္စည်းဝယ်ယူရေးဆပ်ကော်မတီအနေနဲ့ ငွေထိန်းတာလေးကိုလည်း အနည်းငယ်တင်ပြလိုပါတယ်။

သူတို့ရေနံရှာဖွေတဲ့အခါမှာ အရင်းအနှီးဟာအလွန်ကြီးမားတဲ့အတွက် ကျွန်တော်တို့ ကုန်းပိုင်းလုပ်ကွက်တွေအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၀ နှင့်အထက်၊ ကမ်းလွန်လုပ်ကွက်တွေအတွက် အမေရိကန် ၁၀၀၀၀၀ နှင့်အထက်ရှိတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ဒီ Service တွေ ငှားရမ်းဖို့ပဲဖြစ်ဖြစ် ကျွန်တော်တို့ရဲ့ Technical Sub-Committee ကနေတစ်ဆင့် Approval တောင်းပြီးရင် ဝန်ကြီးဌာနမှာရှိတဲ့ Steering Committee ကနေပြီးတော့ စိစစ်လေ့လာပြီးတော့မှ Approval ပေးတဲ့ဟာရှိတယ်။ အဲဒီလိုလုပ်တဲ့အတွက်ကြောင့်မို့လို့လည်းပဲ ကျွန်တော်တို့ ရေနံကုမ္ပဏီတွေက ကျွန်တော်တို့လုပ်လို့ အချိန်တွေလင့်တယ်ဆိုတဲ့ အပိုင်းတွေအထိ အပြစ်တင်လာပေမယ့် ကျွန်တော်တို့

ဒါကို အခုထက်ထိ ဒီစနစ်ကို ကျင့်သုံးနေတာ တော်တော်လေးအောင်မြင်ခဲ့တာလည်းရှိပါတယ်။ ကုမ္ပဏီတွေရဲ့ ငွေကြေးမှုဆိုရင် အခုလိုသုံးစွဲပြီးလို့ရှိရင် နှစ်စဉ် ကျွန်တော်တို့မှာ Audit Team ရှိပါတယ်။ Audit နဲ့စစ်လိုက်လို့ ကျွန်တော်တို့ခွင့်ပြုချက်အတိုင်း မလိုက်နာတဲ့ ကုမ္ပဏီတွေရဲ့ငွေကို ဒီရေနံ ထုတ်လုပ်တဲ့အခါမှာ ရရှိလာတဲ့ငွေတွေက Cost Recover လုပ်လို့ရှိရင်တော့ Non Cost Recover အနေနဲ့ သူတို့ကို အပြစ်ဒဏ်ချမှတ်တဲ့အစဉ်အလာနဲ့ဆိုရင် တော်တော်လေးလည်းများပြားတဲ့ငွေ Amount ဆိုရင် Non Cost Recover ချခဲ့တယ်။ လုပ်နေပါတယ်။ ဒီနေရာမှာ စွမ်းအင်ဝန်ကြီးဌာနနဲ့ ဒီထုတ်လုပ်မှုကိုခွဲဝေခံစားခြင်းစာချုပ်ကို ချုပ်ပြီးတော့ ကုမ္ပဏီတွေအနေနဲ့ လုပ်တဲ့နေရာမှာ ဒီစာချုပ်အထဲမှာ ရေးသွင်းထားတဲ့အချက်က ကုမ္ပဏီတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်ရှာဖွေတူးဖော်အလုပ်လုပ်တဲ့ Strategy နဲ့ သူတို့ရဲ့ Technique ကတော့ ဒီစာချုပ်တွေထဲမှာ အကုန်ပါဝင်တဲ့အတွက် ဒီသူတို့ရဲ့ ကိုယ်ပိုင် Strategy နဲ့ Technique ကိုတော့ ကျွန်တော်တို့ Confidentiality Clause အနေနဲ့ ဒါလေးကိုတော့ ဝန်ကြီးဌာနက ထိန်းပေးပါဆိုတာနဲ့ ဒါကတော့ International စာချုပ်တိုင်းမှာပါတဲ့အတိုင်းပဲ သူတို့ကုမ္ပဏီရဲ့ နည်းပညာဆိုင်ရာကိစ္စတွေဆိုရင်တော့ ကျွန်တော်တို့ ထိန်းသိမ်းပြီးတော့ ကုမ္ပဏီရဲ့ သဘောမတူလို့ရှိရင် ဘယ်သူ့မှလည်း ကျွန်တော်တင်ပြလို့မရပါဘူး။ အဲဒါကလွဲလို့ ကျန်တဲ့ ငွေရေးကြေးရေး၊ ဝင်ငွေ၊ အခွန်အကောက်စတဲ့ဟာတွေကို Operation မှာ နှောင့်နှေးကြန့်ကြာမှုတွေဖြစ်တဲ့၊ Shut Down ဖြစ်မယ့်ကိစ္စတွေအားလုံးဆိုရင်တော့ ကျွန်တော်တို့ ဒီသတင်းစာတွေ၊ ဂျာနယ်တွေ၊ Website တွေကနေတစ်ဆင့်တော့ လူထုအားလုံးသိအောင်လို့ အချိန်နှင့်တစ်ပြေးညီဖော်ပြသွားတာရှိပါတယ်။ နောက်ပြီးတော့ တစ်ခါ လုပ်ကွက်တွေတင်ဒါခေါ်တာနဲ့ပတ်သက်လို့လည်းပဲ အကျဉ်းချုံးပြီးတင်ပြလိုပါတယ်။ ကျွန်တော်တို့ အစိုးရသစ်ဖွဲ့စည်းပြီးတဲ့နောက်ပိုင်းမှာ ကုန်းပိုင်းလုပ်ကွက် ၁၈ ကွက်ကို ၂၀၁၁ ခုနှစ်က တင်ဒါခေါ်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ဒုတိယအကြိမ် ကုန်းပိုင်းလုပ်ကွက် ၁၈ ကွက်ကို ထပ်ပြီးတော့ တင်ဒါခေါ်ခဲ့ပါတယ်။ နောက်ပြီးတော့ ကမ်းလွန်လုပ်ကွက် အကွက် ၃၀ ကိုတော့ ၂၀၁၃ ခုနှစ်ကနေပြီးတော့ တင်ဒါခေါ်ခဲ့ပါတယ်။ ဒီလိုခေါ်တဲ့နေရာမှာ အရင်တုန်းကတော့ Production Sharing Contract ကို ကျွန်တော်တို့က Direct Negotiation လုပ်ပြီးတော့ ခေါ်ခဲ့ပေမယ့် ပွင့်လင်းမြင်သာမှုမရှိဘူးဆိုတဲ့အတွက် ၂၀၁၁ ခုနှစ်နောက်ပိုင်းမှာ တင်ဒါစနစ်နဲ့ပဲခေါ်ခဲ့တာဖြစ်ပါတယ်။

တင်ဒါစနစ်နဲ့မှာမှ အဆင့်ဆင့် ဒီကုမ္ပဏီဟာ Reliable ဖြစ်/မဖြစ်က အစကြည့်တဲ့အတွက် ပထမဦးဆုံး Letters of Expression of Interest ဆိုတဲ့ သူတို့ရဲ့ စိတ်ဝင်စားမှု၊ ဒီကုမ္ပဏီတွေရဲ့

မှတ်ပုံတင်၊ အသင်းအဖွဲ့စည်းမျဉ်း၊ အသင်းအဖွဲ့စည်းကမ်း၊ အနီးစပ်ဆုံးကာလမှာရှိတဲ့ နှစ်ချုပ်အစီရင်ခံစာ စာရင်းစစ် စစ်ပြီးတဲ့ ငွေရေးကြေးရေးအစီအစဉ်၊ လုပ်ငန်းဆောင်ရွက်ပြီးတဲ့ အတွေ့အကြုံ ဒီ Record တွေနဲ့ ကျွန်တော်တို့ သက်ဆိုင်ရာ သူတို့နိုင်ငံမှာရှိတဲ့ မြန်မာသံရုံးနဲ့ Endorse လုပ်ပြီးတော့မှ တင်တဲ့အတွက် ဒါတွေကို ကျွန်တော်တို့က ကြည့်ရှုပြီးတော့မှ သိပ် Reliable မဖြစ်ဘူး။ ငွေရေးကြေးရေးအင်အားမရှိဘူး။ အတွေ့အကြုံမရှိတဲ့ ကုမ္ပဏီတွေကို ကျွန်တော်တို့က Pre-qualified Stage မှာပဲ ကျွန်တော်တို့က သူတို့ကိုဖြတ်ချပြီးတော့မှ အောင်မြင်တဲ့ကုမ္ပဏီတွေကိုမှ သီးခြား ကျွန်တော်တို့ ဒါကို ကျွန်တော်တို့လိုချင်တဲ့ Terms and Condition ကို ကြေညာပြီးမှ သူတို့ Proposal တင်ခိုင်းပါတယ်။ တင်ခိုင်းပြီးတဲ့နေရာမှာလည်းပဲ စနစ်တကျအမှတ်ပေးတဲ့စနစ် Criteria တွေကိုရွေးပြီးတော့မှ သူတို့လည်း အသိပေးပြီးတော့ ကျွန်တော်တို့ အမှတ်ပေးတဲ့အတွက် အခုနောက်ဆုံး ဒီကုမ္ပဏီတွေဟာ ကျွန်တော်တို့နဲ့ စာချုပ်ချုပ်တဲ့ အဆင့်အထိ ရောက်လာတာရှိပါတယ်။ စွမ်းအင်ဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် မတ်လမှာ ကမ်းလွန်လုပ်ကွက်များမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရန် အဆိုတင်ဒါအောင်မြင်တဲ့ အလားအလာရှိတဲ့ ကုမ္ပဏီစာရင်းကိုပဲ ထုတ်ပြန်ခဲ့တယ်။ အဲဒီကုမ္ပဏီတွေမှာ ခုနက မေးခွန်းရှင်မေးသွားတဲ့ ကမ်းလွန်ကုမ္ပဏီ ၁၃ ခု၊ အကွက် ၂၀ ကို ပေးသွားတယ်ဆိုတာ အဲဒါလေးပါ။ ဒီဟာတွေက အလားအလာရှိတဲ့ ကုမ္ပဏီအနေနဲ့ ထုတ်ပြန်သွားတာပါ။ ပြီးလို့ရှိရင် သူတို့ရဲ့ အဆင့်၊ သူတို့ရဲ့ လုပ်ငန်းဆောင်ရွက်မှုအသေးစိတ်စာချုပ်ပါ စည်းကမ်းများ သူတို့လိုက်နာမှုအဆင့်ဆင့်ကို သူတို့နှင့်ညှိနှိုင်းပြီးတော့ ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ရဲ့ သဘောထားမှတ်ချက်တောင်းခံပြီးမှ၊ အားလုံးရဲ့ သဘောထားယူပြီးမှ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ အဆင့်ဆင့်တင်ပြခွင့်ပြုချက်ရယူပြီးမှသာလျှင် စာချုပ်ကို လက်မှတ်ထိုးသွားမှာဖြစ်ပါတယ်။ ယနေ့အထိ ဒုတိယအကြိမ် ကုန်းပိုင်းလုပ်ကွက် အပြည်ပြည်ဆိုင်ရာ တင်ဒါအောင်မြင်တဲ့ ကုန်းပိုင်းမှာ ကုမ္ပဏီ ရှစ်ခုနှင့် လုပ်ကွက် ၁၄ ကွက်ကို လက်မှတ်ထိုးပြီးပါပြီ။ ယနေ့ညဆိုရင် လုပ်ကွက်တစ်ကွက်နှင့် ကုမ္ပဏီတစ်ခုနှင့် လက်မှတ်ထိုးစရာရှိလို့ရှိရင် ကုန်းပိုင်းလုပ်ကွက်တွေအားလုံး ပြီးသွားပြီးတဲ့အတွက် နောက်အချိန်ကစပြီး ကျွန်တော်တို့ ကမ်းလွန်လုပ်ကွက်များကိုလည်း လက်မှတ်ထိုးဖို့ကို အသေးစိတ်ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ ဒီ Global Witness ကုမ္ပဏီကို ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနနဲ့ လာရောက်တွေ့ဆုံပြီးတော့ သူတို့ရဲ့ Global Witness အဖွဲ့အစည်းဟာ EITI

ဘုတ်အဖွဲ့အစည်း စည်းကမ်းများချမှတ်နိုင်ရန် အကြံပေးနေတဲ့ လွတ်လပ်တဲ့အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ အလွတ်သဘောတမ်း စစ်တမ်းကောက်ယူရာမှာ ပြီးပြည့်စုံသော စစ်တမ်းတစ်ခုရရှိဖို့အတွက်လည်း Global Witness က သူတို့ ဆောင်ရွက်ရမယ့် အဖွဲ့အစည်းရဲ့ EITI Standard ရဲ့လုပ်ငန်းတွေကို သက်ဆိုင်ရာကုမ္ပဏီများသိရှိအောင် Awareness ဦးစွာ လုပ်ဆောင်ရန်လိုအပ်တယ်ဆိုတာလည်း သူတို့ပြောပါတယ်။ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ဒီလိုချင်တဲ့အချက်အလက်အားလုံးကို ကျွန်တော်တို့ ခုနက PSc စာချုပ်အပိုဒ် ၂၇.၅ မှာ ပြောထားတဲ့ Confidentiality Clause ကလွဲလို့ ကျန်တဲ့ဟာတွေကို ကျွန်တော်တို့ အကုန်လုံး သူတို့ပွင့်ပွင့်လင်းလင်းပဲ ပေးဖို့ရှင်းပြလို့ရပါတယ်။ ဒီကုမ္ပဏီတွေရဲ့ အချက်အလက်ကျတော့ ကုမ္ပဏီကိုယ်တိုင်က ကျွန်တော်တို့ကပေးပိုင်ခွင့်မရှိပါဘူး။ ကုမ္ပဏီကနေပြီးပေးဖို့ဆိုတာ စာချုပ်ထဲမှာသဘောတူထားတဲ့အတွက် ဒါကိုလည်းပဲ သူတို့နဲ့ ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ လက်ရှိရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ကွက်ရှာဖွေတူးဖော်ထုတ်လုပ်တဲ့ လုပ်ကွက် ၁၅ ကွက်မှာ ကုမ္ပဏီ ၁၁ ခုနှင့် ကမ်းလွန်လုပ်ကွက် ၁၈ ကွက်မှာ ကုမ္ပဏီ ခုနစ်ခု စုစုပေါင်း နိုင်ငံခြားကုမ္ပဏီ ၁၈ ခုသာ လုပ်ငန်းကို ရှာဖွေရေးတွေလုပ်ကိုင်နေပြီးတော့ ခုနကကျွန်တော်ပြောတဲ့ ထုတ်လုပ်ရေးလုပ်တဲ့ရေနံကုမ္ပဏီကတော့ ရတနာ၊ ရဲတံခွန်၊ ရွှေနှင့် ဇောတိက ကမ်းလွန်စီမံကိန်းတွေ ရေနံချောင်း၊ ချောက်နှင့် မန်းရေနံမြေမှာရှိတဲ့စီမံကိန်း စုစုပေါင်း ကုမ္ပဏီ ခြောက်ခုသာလျှင် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ပြီးတော့ သူကဒီဝင်ငွေရရှိနေတဲ့ ကုမ္ပဏီသာဖြစ်ပါတယ်။ အဲ့တော့ မြန်မာနိုင်ငံဟာ တွင်းထွက်ပစ္စည်းကဏ္ဍ အခွန်အခများ ကောက်ခံရရှိခြင်းနှင့် စပ်လျဉ်းပြီး နိုင်ငံတကာအရည်အသွေးစံချိန် စံသတ်မှတ်ခြင်းအဖြစ် ထင်ရှားနေတဲ့ သဘာဝသယံဇာတထုတ်လုပ်ရေးလုပ်ငန်းများမှာ ပွင့်လင်းမြင်သာမှုရှိတဲ့ (EITI) Extractive Industries Transparency Initiative ဆိုတဲ့အဖွဲ့ကိုဝင်ရောက်ဖို့အတွက် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလက ထုတ်ပြန်ခဲ့တယ်။ ကျွန်တော်တို့ အခုလည်း ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ ရက်၊ ၂ ရက်နေ့မှာ Mexico နိုင်ငံမှာ ကျင်းပတဲ့အပြည်ပြည်ဆိုင်ရာ EITI အဖွဲ့ ညီလာခံမှာ ကျွန်တော်တို့ မြန်မာနိုင်ငံကို အဖွဲ့ဝင်လောင်းအဖြစ် လက်ခံသွားခြင်းဖြစ်ပါတယ်။ ဒီရှေ့ဆက်လက်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မတိုင်ခင် ဒီဟာကို သူတို့ EITI ရဲ့ Standard တွေကို ကျွန်တော်တို့ကို ပေးထားတာရှိပါတယ်။ အဲဒီ Standard တွေနဲ့အညီ သတင်းများထုတ်ပြန်ပေးဖို့ အချက်အလက်များကို ကျွန်တော် MSG ဆိုတဲ့ ဒီ Multi Stakeholder Group နဲ့ ဖွဲ့စည်းထားတာရှိပါတယ်။ အဲ့ဒီမှာ အဖွဲ့ကြီးမှာ အစိုးရကိုယ်စားလှယ် ခြောက်ဦး၊ ပုဂ္ဂလိကကုမ္ပဏီများမှ ကိုယ်စားလှယ်ခြောက်ဦးနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း Civil Society မှ ကိုယ်စားလှယ် ကိုးဦးတို့ပါဝင်ပြီးတော့ ဖွဲ့စည်းပြီးတော့ ဒီအဖွဲ့အစည်းရဲ့ လိုအပ်ချက်

အားလုံးကိုလုပ်နေတဲ့ ခုနက စီမံကိန်းတွေကနေ သူတို့ပေးပြီးတော့ ၂၀၁၆ ဇန်နဝါရီ လမတိုင်ခင်မှာ ကျွန်တော်တို့ သူတို့ကိုပေးဖို့ သူတို့ပေးတယ်ဆိုတာ အားလုံးကမ္ဘာသိအောင် ကြေညာပြီးမှ ပေးရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ကဏ္ဍအလိုက်စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ထုတ်လုပ်မှုဆိုင်ရာအချက်အလက်များ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အနေနဲ့ နှစ်စဉ်ထုတ်ပြန်တဲ့ Statistical Year Book နှစ်စဉ်ဝန်ကြီးဌာနအလိုက် ကုမ္ပဏီများရဲ့ဝင်ငွေ၊ နိုင်ငံတော်က အခွန်ကောက်ရရှိမှု၊ ဘဏ္ဍာငွေသုံးစွဲမှုဘတ်ဂျက်အခြေအနေပါဝင်တဲ့ နိုင်ငံတော် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ အဲဒီလို အချက်အလက်များကိုလည်း ဘဏ္ဍာရေးဝန်ကြီးဌာနက သက်ဆိုင်ရာလွှတ်တော်အသီးသီးသို့ အတည်ပြုတင်ပြဆောင်ရွက်လျက်ရှိပါကြောင်းလည်း တင်ပြ အပ်ပါတယ်။ အခုနက ကျွန်တော်တင်ပြတဲ့အတိုင်း အချက်အလက်များကို အများပြည်သူများတင် မကဘူး၊ ကမ္ဘာကသိရှိရန်အတွက် EITI မှလည်း ထုတ်ပြန်သွားမည်ဖြစ်သလို အခါအားလျော်စွာ သတင်းစာတွေ၊ Website ကနေထုတ်ပြန်သွားမည်ဖြစ်ကြောင်း တင်ပြရင်း ကျွန်တော့်ရဲ့ဖြေကြားချက် ကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ကျန်ရှိသစ်တောဧရိယာနှင့် သစ်အမျိုးအစားကို စိစစ်သတ်မှတ်၍ နှစ်စဉ်ထုတ်လုပ်မှုကို လျှော့ထားပြီး စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်ရန်အတွက် စီမံချက်ရေးဆွဲအကောင်အထည်ဖော်ရန်နှင့် သစ်မှောင်ခို များကို အပြီးအပြတ်ထိန်းချုပ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ပြည့်ပြည့်စုံစုံဖြေပေးသွားတဲ့ သက်ဆိုင်ရာဒုတိယဝန်ကြီးကို ကျေးဇူးတင် ပါတယ်။ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်မွှေးလွင်(မင်းကင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ မေးမြန်းမယ့်မေးခွန်းကတော့ နိုင်ငံအတွင်းမှာရှိတဲ့ သစ်တောသယံဇာတ တွေ ထိန်းသိမ်းခြင်းအတွက် နိုင်ငံတော်က ဆောင်ရွက်မယ့်အစီအစဉ်တွေကို သိရှိလို၍ မေးမြန်းမှာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့လက်ရှိအခြေအနေဟာ ခေတ်ကာလရဲ့အခြေအနေကြောင့်လား။ မူဝါဒ တွေရဲ့လွဲချော်မှုကြောင့်လား။ ဆောင်ရွက်သူတွေရဲ့ အဂတိလိုက်စားမှုကြောင့်လားဆိုတဲ့ လားပေါင်း များစွာရဲ့အောက်မှာ သစ်တောတွေဟာ စည်းမဲ့ကမ်းမဲ့ခုတ်ထွင်မှုတွေကြောင့် ပြုန်းတီးနေမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ တိုင်းပြည်ဘဏ္ဍာအတွက် အားထားရတဲ့ သစ်တောတွေရှားပါးလာခြင်းဟာ ပြည်သူတွေအဖို့ ဘက်ပေါင်းစုံကနေပြီးတော့လည်း ဒုက္ခအမျိုးမျိုးရောက်နေကြရပါတယ်။ ယခုလို

ဆိုးရွားတဲ့အခြေအနေတွေဖြစ်ရခြင်းကို လေ့လာကြည့်တဲ့အခါမှာဆိုရင် တရားဥပဒေမစိုးမိုးခြင်းဟာ အဓိကတရားခံဖြစ်နေတာလည်း တွေ့ရပါတယ်။ သစ်တောဥပဒေမှာဆိုလို့ရှိရင် ခုတ်ပြီးရင် ပြန်စိုက်ရမယ်ဆိုတဲ့အရေးအတွက်က ရှိပြီးသားပါ။ ဝန်ကြီးဌာနကနေပြီးတော့လည်း မြန်မာ့သစ်လုပ်ငန်းရဲ့ ကိုယ်စား သစ်ထုတ်လုပ်တဲ့ကုမ္ပဏီတွေက သီးခြားကျွန်းစိုက်ခင်းတွေ၊ ဌာနကလည်း သစ်တောစိုက်ခင်းတွေ၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းတွေ၊ ကျေးလက်အိမ်ရာသစ်တောစိုက်ခင်းတွေ၊ ဒေသခံအစုအဖွဲ့ပိုင်သစ်တောထူထောင်ခြင်းတို့ကို ဆောင်ရွက်ဖို့ရန် ညွှန်ကြားထားပြီးဖြစ်ပါတယ်။ မြေပြင်မှာ ဆောင်ရွက်မှုတွေမရှိတာကိုတော့လည်း တွေ့ရပါတယ်။ မူဝါဒရှစ်ချက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ဖို့ရန် ရည်ရွယ်ပြီးတော့လည်း လုပ်ငန်းစဉ်တွေချမှတ်တယ်။ အမျိုးသားစီမံကိန်းမှာ ထည့်သွင်းထားတာကိုလည်း တွေ့ရပါတယ်။ ရည်ရွယ်ချက်ကောင်းပေမယ့် လုပ်ဆောင်ချက်တွေဟာ မြေပြင်မှာရှိတဲ့ အခြေအနေမှန်နဲ့ လက်ကျန်သစ်တောအမှန်စာရင်းတွေကို ဝန်ကြီးဌာနကနေပြီးတော့ မသိရှိနေတာတွေလည်း ဖြစ်နေတာတွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်၊ ဧပြီ ၁ ရက်နေ့ကစပြီးတော့ ပြည်ပကို သစ်လုံးတင်ပို့ရောင်းချမှု လုံးဝရပ်ဆိုင်းမယ်ဆိုပေမယ့် မှောင်ခိုထုတ်လုပ်နေမှုတွေဟာ ရပ်ဆိုင်းသွားခြင်းမရှိတာကို ကျွန်မတို့ နေရာအနှံ့မှာ တစ်နိုင်ငံလုံး နေရာအနှံ့ သတင်းဌာနရုပ်သံတွေကနေပြီးတော့လည်း မြင်တွေ့နေရပါတယ်။ ကျွန်မတို့ဒေသမှာဆိုရင်လည်း မှောင်ခိုသစ်တွေကို ဖမ်းဆီးမိမှ တရားဝင်စာရွက်စာတမ်းနဲ့ လိုက်လံရှင်းလင်းကြခြင်းဖြင့် ဥပဒေလက်တစ်လုံးကြား ဆောင်ရွက်နေကြတာတွေရှိပါတယ်။ သစ်တန် ၁၀၀၀၀ ခွင့်ပြုထားချက်ရလို့ရှိရင် တစ်သိန်းလောက်ကို သယ်ယူပို့ဆောင်နေကြပါတယ်။ သစ်တွေကို အမှန်တကယ်ဖမ်းဆီးမိပြီဆိုရင် သယ်ဆောင်တဲ့ယာဉ်တွေ၊ လှည်းတွေနဲ့ သစ်တွေကို ဖမ်းဆီးစာရင်းတွေကိုလည်း လေလံပစ်တဲ့အချိန်ဟာ တစ်နှစ်နီးပါးကြာမြင့်ပါတယ်။ တချို့ဆိုရင် ဒီ့ထက်မကလည်း ပိုပြီးတော့ ကြာတတ်ပါတယ်။ တချို့သစ်တွေရဲ့သက်တမ်းဆိုလို့ရှိရင် နှစ်နှစ်၊ သုံးနှစ်၊ လေးနှစ် ဒီလိုအနေအထားမှာပဲရှိတဲ့အတွက် လေလံတင်တဲ့အခါမှာ စိတ်ဝင်စားမှုမရှိတော့တဲ့အတွက်ကို ကျွန်မတို့ဒေသမှာ နားလည်မှုတွေနဲ့ သစ်တောကနေပြီးတော့ အသစ်ထုတ်လုပ်ခွင့်တွေအနေနဲ့ လဲလှယ်ရပါတယ်။ ဒါတွေဟာလည်း မြေပြင်မှာဖြစ်ပျက်နေကြခြင်းတွေဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ အောက်ပါမေးခွန်းတွေကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကနေတစ်ဆင့် မေးမြန်းလိုပါတယ်။ (က) ဖမ်းဆီးသင့်တဲ့ယာဉ်များအား စီမံခန့်ခွဲနိုင်ရန် မြန်မာ့သစ်လုပ်ငန်း၏ ခြောက်လကြာချိန်ကို လျှော့ချပေးရန်အစီအစဉ်ရှိ/မရှိ။ (ခ) လက်ရှိသစ်တော၏ အမှန်တကယ် ကျန်ရှိသစ်တောဧရိယာနှင့် သစ်အမျိုးအစားအား လက်တွေ့ကွင်းဆင်း လေ့လာစိစစ်သတ်မှတ်ရန် အစီအစဉ်ရှိ/မရှိ။ (ဂ) သတ်မှတ်ပြီးမှ နှစ်စဉ်ထုတ်လုပ်မှုကို

လျှာထားပြီး ရေရှည်စဉ်ဆက်မပြတ်စိုက်ပျိုးရန်နှင့် ထုတ်လုပ်ရန်စီမံချက်များရေးဆွဲ၍ နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိ။ (ဃ) သစ်မှောင်ခိုစျေးကွက်ကို မည်သည့်အတွက်ကြောင့် မထိန်းချုပ်နိုင်သည်ဆိုတာကို သိရှိလိုပါကြောင်းနဲ့ အပြီးအပြတ်ထိန်းချုပ်ရန် အစီအစဉ်ရှိ/မရှိတို့ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပြီးတော့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မွှေးလွင်ရဲ့ မေးခွန်းများကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဖမ်းဆီးရမိသစ်များနှင့်ပတ်သက်၍ မြန်မာ့သစ်လုပ်ငန်းမှယူသော ခြောက်လအချိန်ကို လျှော့ချပေးရန် လက်ရှိသစ်တောများရဲ့ အမှန်တကယ်ကျန်ရှိနေသေးသော သစ်တောဧရိယာနှင့် သစ်အမျိုးအစားများ၊ လေ့လာစိစစ်သတ်မှတ်ရန်၊ သတ်မှတ်ပြီးမှ နှစ်စဉ်ထုတ်လုပ်မှုကို လျှာထားပြီးတော့ ရေရှည်စဉ်ဆက်မပြတ် စိုက်ပျိုးရန်နှင့် ထုတ်လုပ်ရန်စီမံချက်များရေးဆွဲ၍ နှစ်ရှည်စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရန်နှင့် သစ်များကို ပြည်ပတင်ပို့မှုကို ရပ်ဆိုင်းပြီဆိုသော်လည်း လက်ရှိတွင် တွေ့နေရပြီး မှောင်ခိုများကို မည်သည့်အတွက်ကြောင့် မထိန်းချုပ်နိုင်သည်ကို သိရှိလိုပါကြောင်းနှင့် အပြီးအပြတ်ထိန်းချုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ တရားမဝင်သစ်များ ဖမ်းဆီးအရေးယူဆောင်ရွက်ရာတွင် ဖမ်းဆီးရမိသောသစ်များနှင့်ပတ်သက်၍ သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများအရ ဖမ်းဆီးရမိသစ်များအား ပုံစံ(၈) စာရင်းမှတ်ပုံတင်ပြီးတော့ မြန်မာ့သစ်လုပ်ငန်းကို ရက်ပေါင်း ၆၀ အတွင်းမှာ လွှဲပြောင်းပေးအပ်ခြင်း/လက်ခံခြင်းများ ပြုလုပ်ရပါတယ်။ မြန်မာ့သစ်လုပ်ငန်းအနေနဲ့လည်း သစ်တောဦးစီးဌာနမှ ဖမ်းဆီးရမိ ပုံစံ(၈) သစ်များလွှဲအပ်လာပါက အချိန်နှင့်တစ်ပြေးညီ သစ်များတည်ရှိရာနေရာ၊ သစ်အမျိုးအစား၊ သစ်အတန်းအစားတို့အရ သယ်ယူရန် ကုန်ကျစရိတ်နှင့် ပြန်လည်ရောင်းချပါက ရနိုင်မည့်စျေးနှုန်း၊ တွက်ချေကိုက်မှုရှိ/မရှိ အခြေအနေများကို မျက်မြင်ကွင်းဆင်းစစ်ဆေးပြီးတော့ အမြန်ဆုံးလက်ခံခြင်း၊ ငြင်းပယ်ခြင်းများပြုလုပ်ရပါတယ်။ မြန်မာ့သစ်လုပ်ငန်းဟာ ကိုယ်ပိုင်ဝင်ငွေဖြင့် ရပ်တည်ရသော နိုင်ငံပိုင်စီးပွားရေး

လုပ်ငန်းအဖွဲ့အစည်းအဖြစ် ဆောင်ရွက်လျက်ရှိသဖြင့် သစ်တောဦးစီးဌာနမှ လွှဲအပ်သော ပုံစံ(၈) သစ်များ အချိန်နှင့်တစ်ပြေးညီ လက်ခံရယူပြီးတော့ အချို့ကို သစ်တည်ရာနေရာမှာပင် လပ်ပုံထိုင်အတန်းအစားခွဲခြားပြီးတော့ လစဉ်ကျင်းပပြုလုပ်တဲ့ အိတ်ဖွင့်တင်ဒါစနစ်များနဲ့ ရောင်းချလျက်ရှိပါတယ်။ သစ်တောဦးစီးဌာနဟာ မြန်မာ့သစ်လုပ်ငန်းမှ လက်ခံရယူလိုခြင်းမရှိသော ဖမ်းဆီးရမိပုံစံ(၈) သစ်များနှင့်ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့မှ ကိုယ်စားလှယ်များပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့အား စနစ်တကျဖွဲ့စည်း၍ လေလံစနစ်ဖြင့် ထုခွဲရောင်းချခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ လက်ရှိသစ်တောများရဲ့ အမှန်တကယ်ကျန်ရှိနေသေးသော သစ်တောဧရိယာနှင့် အမျိုးအစား လေ့လာစိစစ်သတ်မှတ်ရန် အစီအစဉ်ရှိ/မရှိနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဟာ သစ်တောသယံဇာတများကို ရေရှည်တည်တံ့စေရေးနှင့် ထာဝစဉ်အသုံးချနိုင်ရေးအတွက်ကို သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်နိုင်ရန် ဂြိုလ်တုဓာတ်ပုံများမှ သစ်တောဖုံးလွှမ်းမှုကို ဆန်းစစ်လေ့လာခြင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ၁၀ နှစ်လျှင် တစ်ကြိမ် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ တမူးခရိုင်နှင့် မော်လိုက်ခရိုင်များတွင် သစ်တောသယံဇာတစာရင်းများကောက်ယူခြင်း (Forest Inventory) လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ မင်းကင်းမြို့နယ်အတွင်းမှာ ကြိုးဝိုင်း ငါးခု ဧရိယာအားဖြင့် ၃၉၁၄၀၆ ဧက၊ ကြိုးပြင်ကာကွယ်သော ၉ ခု ၃၃၅၉၉၃ ဧက စုစုပေါင်း ၇၂၇၃၉၉ ဧကရှိပြီးတော့ ဂြိုလ်တုဓာတ်ပုံများဖြင့် ဆန်းစစ်ချက်အရ သစ်တောဖုံးလွှမ်းမှုဧရိယာဟာ ၆၁၁၃၂၅ ဧကရှိတယ်လို့ သိရှိရပါတယ်။ သစ်တောသယံဇာတ စာရင်းကောက်ယူရရှိသော ကိန်းဂဏန်းအချက်အလက်များအရ ရင်စို့လုံးပတ် ၂ ပေနှင့်အထက် ကျွန်းပင် ၁၈၉၉၈၄ ပင်၊ သစ်မာအုပ်စု(၁) ၁၃၁၂၂၅၈ ပင်၊ သစ်မာအုပ်စု(၂) ၂၄၃၀၇၃၉ ပင်၊ သစ်မာအုပ်စု(၃) ၆၉၂၉၄၉ ပင်၊ သစ်မာအုပ်စု(၄) ၁၄၂၈၀၁ ပင်နဲ့ သစ်မာအုပ်စု(၅) ၁၅၁၇၆၂၂ ပင် စုစုပေါင်း ကျွန်း၊ သစ်မာ၊ အခြားသား ၆၂၈၆၃၅၃ ပင်ခန့် ပေါက်ရောက်လျက်ရှိကြောင်း ခန့်မှန်းတွက်ချက်လို့ရရှိပါတယ်။ သစ်တောသယံဇာတစာရင်းများ ကောက်ယူရရှိသော ကိန်းဂဏန်းအချက်အလက်များနှင့် ဒေသဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအပေါ်မှာ အခြေခံပြီးတော့ ခရိုင်အလိုက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်ကနေပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ခရိုင်ပေါင်း ၆၃ ခရိုင်မှာ ရေးဆွဲပြီးတော့ နှစ်စဉ်လျာထားချက်များကို

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၀ ခုနှစ်မှာဆိုလို့ရှိရင် ဖော်ပြပါစီမံကိန်းရဲ့ ကာလလယ် ငါးနှစ်စီမံကိန်းဆောင်ရွက်ပြီးစီးမှုအပေါ်မှာ အကဲဖြတ်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ စဉ်ဆက်မပြတ် ကောက်ယူရရှိသော စာရင်းဇယားအချက်အလက်များဖြင့် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများ ပြင်ဆင်ဖြည့်စွက်ခြင်း၊ အသစ်ရေးဆွဲခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီးဌာနသည် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် သစ်ထုတ်လုပ်မှုပမာဏကို လျှော့ချဆောင်ရွက်လျက်ရှိရာ ကနဦး လုပ်ငန်းစဉ်အဖြစ် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ပြည်ပသို့ သစ်အလုံးလိုက် တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းပြီးတော့ သစ်ထုတ်လုပ်မှုကို နှစ်စဉ်ထုတ်လုပ်နိုင်သည့်ပမာဏ Annual Allowable Cut (AAC)ဘောင်အတွင်းမှထုတ်လုပ်ရန် စီမံဆောင်ရွက်လျက်ရှိပြီးဖြစ်ပါတယ်။ သစ်အလုံးလိုက် ပြည်ပတင်ပို့ခြင်းကို ရပ်ဆိုင်းပြီး ပြည်တွင်းသုံးစွဲရန်နှင့် သစ်အချောထည်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်ကို သစ်ထုတ်လုပ်ခြင်းကို နှစ်စဉ်ထုတ်လုပ်နိုင်သည့်ပမာဏ Annual Allowable Cut ထက်ကျော်လွန်ခြင်းမရှိဘဲ တစ်နည်းအားဖြင့် သဘာဝသစ်တောကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ ခွင့်ပြုနိုင်သည့်ပမာဏကိုသာ ထုတ်လုပ်ခွင့်ပြုခြင်းဖြစ်ပါတယ်။ နိုင်ငံတော်မှာ သစ်တောသယံဇာတများအပေါ်မှီခိုမှုနှင့် လိုအပ်မှုများ လျော့နည်းလာသည်နှင့်အမျှ သစ်ထုတ်လုပ်ခြင်းကဏ္ဍကလည်း တဖြည်းဖြည်း လျော့နည်းရပ်ဆိုင်းသွားမှာဖြစ်တယ်လို့ တင်ပြလိုပါတယ်။ သဘာဝသစ်တောများ ထိခိုက်နစ်နာစေမှုမရှိစေရန် သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို လျှော့ချထိန်းသိမ်းဆောင်ရွက်သကဲ့သို့ တရားမဝင်သစ်များ ဖော်ထုတ်ဖမ်းဆီးရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာနယ်မြေများတွင် ပုံမှန်ဖမ်းဆီးခြင်း၊ ရှောင်တခင်ဝင်ရောက်ဖမ်းဆီးခြင်း၊ သတင်းစုံစမ်းဖော်ထုတ်ဖမ်းဆီးခြင်းများအပြင် စစ်ကြောင်းများအသွင်ဖြင့် လစဉ်စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ ရုံးချုပ်ရဲ့ အစီအမံများဖြင့် လျှပ်တစ်ပြက်ဝင်ရောက်ဖမ်းဆီးခြင်း၊ အခြားဆက်စပ်ဌာနများ၊ တပ်မတော်စစ်ကြောင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ Mobile Team များနှင့် ပူးပေါင်းဖမ်းဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအပြင် တရားမဝင်သစ်ဖမ်းဆီးရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ ကာကွယ် နှိမ်နင်းနိုင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှစတင်ပြီးတော့ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ကို ဖွဲ့စည်းပြီးတော့ တရားမဝင်သစ်ဖမ်းဆီးရေးလုပ်ငန်းများကိုလည်းပဲ ထိရောက်စွာ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ နေရာအနှံ့အပြားမှာ သစ်တောအမှု

ဖမ်းဆီးရမိခြင်းကို သတင်းထုတ်ပြန်ဆောင်ရွက်လျက်ရှိရာ သတင်းစာများ၊ ဂျာနယ်များတွင် သစ်ဖမ်းဆီးမှုများကို နေ့စဉ်နှင့်အမျှ တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ မင်းကင်းမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ကျွန်း၊ သစ်မာနှင့် အခြားသား စုစုပေါင်း ၈၉၃.၇၉ တန်ကို ဖမ်းဆီးရမိခဲ့ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဇွန်လအထိ ၂၆၉.၈၇ တန် ဖမ်းဆီးရမိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တရားမဝင်သစ်ခိုးယူမှုနှိမ်နင်းရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျစီမံချက်များ ချမှတ်ရေးဆွဲဆောင်ရွက်ခြင်းဖြင့် တရားမဝင်သစ်ခိုးယူမှုများကို လျော့နည်းစေနိုင်သည်ဆိုသည်မှာ မှန်ကန်သော်လည်း အပြည့်အဝ ထိန်းချုပ်နိုင်ရန်အတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကိုယ်တိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိအမြင်၊ ခံယူချက်ပြည့်ဝစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ သတင်းပေးကူညီခြင်းများ ဆောင်ရွက်မှသာလျှင် တရားမဝင်သစ်ခိုးယူထုတ်လုပ်မှုများ လျော့နည်းပပျောက်ပြီး တရားမဝင်သစ်ခိုးယူထုတ်လုပ်သူများနှင့် မှောင်ခိုရောင်းဝယ်သူများကို အပြည့်အဝ ထိန်းချုပ်ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း ပြန်လည်ပြီးတော့ ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**မြောင်မြို့နယ်၊ သစ်တောရုံး(စိမ်းစို)အဆောက်အအုံအား ခွင့်ပြုနေရာသို့ ရွှေ့ပြောင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြို့နယ်ရဲ့ ပကတိအနေအထားပေါ်မှာ လိုအပ်ချက်အရ နိုင်ငံတော်မှ ဖွင့်လှစ်ပေးထားတဲ့ မြို့နယ်အဆင့်ရုံးများ သတ်သတ်မှတ်မှတ် ရုံးမရှိခြင်း၊ မြေနေရာမရှိခြင်းအပေါ် ရုံးလေးရုံးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်မေးခဲ့တာဖြစ်ပါတယ်။ ဒီအထဲမှာ ယခုအခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ရုံးဖြစ်တဲ့ စိမ်းလန်းစိုပြည်ရေးမြို့နယ်ရုံးနှင့်ပတ်သက်ပြီးမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြောင်မြို့ဟာ မြို့ငယ်လေးတစ်မြို့ဖြစ်ပြီး လွန်ခဲ့တဲ့နှစ်ပေါင်း ၁၀၈ နှစ်လောက်ကမှစပြီး မြို့အဖြစ်သတ်မှတ်ခံရတာဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့မြို့မှာရှိတဲ့ မြို့နယ်အဆင့်ရုံးပေါင်း ၃၀ ကျော်မှာ ကိုယ်ပိုင်မြေနေရာ ရုံးအဆောက်အဦမရှိတာ ငါးရုံး

လောက်ရှိပါတယ်။ ဒီအထဲကမှ ယခုမေးမြန်းမယ့် သစ်တောရေးရာဝန်ကြီးဌာနက စိမ်းလန်းစိုပြည်ရေး မြို့နယ်ဦးစီးရုံးမြေနေရာအတွက် မြို့နယ်ကလျာထားသတ်မှတ်ပေးပြီးဖြစ်လို့ ဒီရုံးဆောက်လုပ်ရေး အတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့ဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလို ပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးကတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒေါ်ခင်မွှေးလွင် ပြီးမှပဲ ပြန်ပြီးတော့မေးပါတော့နော်။ အခု တစ်ဆက်တည်းပဲ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေ၏မေးခွန်းအား ဆက်လက်ပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ၊ မိုးနည်းဒေသရဲ့ လူမှုစီးပွားရေး ဘဝနှင့် ပတ်ဝန်းကျင်အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ချက်ဖြင့် ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၌ အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးကို စတင်ဖွင့်လှစ်ခဲ့ပြီးတော့ စစ်ကိုင်း၊ မန္တလေးနှင့်မကွေး တိုင်းဒေသကြီး သုံးခု၊ ခရိုင် ၁၃ ခရိုင်၊ မြို့နယ်အားဖြင့် ၅၄ မြို့နယ် ပါဝင်ဖွဲ့စည်းထားရှိပါတယ်။ အဓိကလုပ်ငန်းတာဝန်ကြီး (၄)ရပ်ဖြစ်တဲ့သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝသစ်တော ကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစား အခြားလောင်စာ တိုးမြှင့်သုံးစွဲခြင်း၊ ရေရရှိရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို ၁၉၉၇ ခုနှစ်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ဌာနပိုင်ရုံးနှင့်ရုံးမြေနေရာများ အဆင်သင့်မရှိသဖြင့် မြို့ပေါ်ရပ်ကွက်များတွင် ငှားရမ်း၍ ရုံးခန်း များဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ မြောင်ရပ်ကွက်၊ ဆေးရုံကြီးတောင်ဘက်၊ အာယုလမ်း၊ ဒေါ်မာမာဝင်းရဲ့နေအိမ်မှာ ငှားရမ်းပြီးတော့ မြောင်မြို့နယ် ဦးစီးဌာနမှူးရုံးကို ယနေ့အထိ ဖွင့်လှစ်ထားရှိပါတယ်။ တိုင်းဒေသကြီးအစိုးရရဲ့ လမ်းညွှန်ချက်၊ မြောင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီရဲ့ ၁၆-၅-၂၀၁၃ ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၃)အရ မြောင်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ကွင်းဦးပိုင်(၆၁)၊ ဧရိယာအားဖြင့် ၁.၃ ဧကရှိသော ကုန်သွယ် လယ်ယာပိုင်မြေနေရာတွင် သိုလှောင်ဂိုဒေါင်များ လေလံတင်ရောင်းချ ပယ်ဖျက်ပြီးစီးပါက လစ်လပ်

သွားမည့် ဂိုဒေါင်မြေနေရာများကို မြောင်မြို့နယ်အတွင်းရှိ ဌာနပိုင်ရုံးမရှိသေးသည့် မြို့နယ်ကော်မရှင်ရုံး၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ စာရင်းရုံး၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာရုံးများအတွက် မြေနေရာများခွဲဝေပေးရန် ခရိုင်စီမံခန့်ခွဲမှု ကော်မတီကို တင်ပြထားရှိတာကို တွေ့ရှိရပါတယ်။

အဆိုပါလျာထားဌာန ခြောက်ခုနှင့် အသင်းအဖွဲ့တစ်ခုအနက် မြန်မာ့စီးပွားရေးဘဏ်မှ ရုံးမြေနေရာကိုတော့ ရရှိသွားပြီဖြစ်တယ်လို့ သိရှိရပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့လည်း ကွင်းအမှတ် ၂၆၈ ရှိ ကုန်သွယ်လယ်ယာ ဂိုဒေါင်ဟောင်း မြေနေရာတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ လျာထားတဲ့ အလျား ၁၅၆ ပေ x အနံ ၅၃ ပေ ရှိတဲ့ မြေနေရာကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနပိုင်မြေအဖြစ် လွှဲပြောင်းပေးနိုင်ရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက် ရက်စွဲပါ စာအမှတ်၊ ၂/၂၃၀(ခ)(၅) ဖြင့်ညှိနှိုင်းခဲ့ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးနိုင်ပါကြောင်း၊ လွှဲပြောင်းပေးရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။ ထိုမြေနေရာကိုရရှိပါက မြို့နယ်ရုံးဆောက်လုပ်နိုင်ရန်အတွက် ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်၍ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခုနက ဒေါ်ခင်မွှေးလွင်က Request လုပ်ထားပါတယ်။

**ဒေါ်ခင်မွှေးလွင်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းအနည်းငယ် ပြန်ပြီးမေးလိုပါတယ်။ ကျွန်မ မေးခွန်း(ခ)မှာ လက်ရှိသစ်တောရဲ့ အမှန်တကယ် ကျန်ရှိသစ်တောဧရိယာနှင့် သစ်အမျိုးအစားကို လက်တွေ့ကွင်းဆင်းလေ့လာစိစစ်သတ်မှတ်ရန် အစီအစဉ်ရှိ/မရှိလို့မေးဆိုထားတဲ့အပေါ်မှာ ပြန်လည်ဖြေကြားချက်သည် လက်တွေ့ကွင်းဆင်းမှုတော့ မရှိနိုင်ဘူးဆိုတဲ့သဘောကိုတော့ သက်ရောက်နေတဲ့အတွက်ကို ကျွန်မတို့က ဘာကြောင့် လက်တွေ့ကွင်းဆင်းဖို့လိုအပ်တယ်လို့ ဖြစ်စေချင်တာလဲဆိုတော့ တကယ်ကျွန်မ အရင်မေးတဲ့ကြယ်ပွင့်မပြမေးခွန်းအနေနဲ့ သစ်တောနဲ့ပတ်သက်လို့ မေးခွန်းတွေ အကြိမ်ကြိမ်မေးခဲ့ပါတယ်။ မေးတဲ့အခါမှာ တကယ်လက်တွေ့မဆန်တဲ့ ကိန်းဂဏန်းတွေကို ကျွန်မကို ပြန်လည်ဖြေကြားပေးခဲ့တဲ့အတွက် ကျွန်မက ဒီလိုထပ်မံပြီးတော့မေးမြန်းရခြင်း ဖြစ်တဲ့အတွက်ကိုလည်း ရှင်းလင်းအောင် ထပ်မံဖြေဆိုပေးစေလိုပါတယ်။ နောက်တစ်ခုက ကျွန်မတို့က သစ်တောရဲ့လက်ကျန်သစ်တောတင်မက ကျွန်မတို့စိုက်ပျိုးဖို့ရာအတွက် လမ်းညွှန်ချက်တွေဆိုလို့ရှိရင်လည်း ကျေးရွာတစ်

ရွာကို တစ်ဇကေ သစ်တောစိုက်ခင်းတွေ စိုက်ပျိုးဖို့ရာအတွက် လမ်းညွှန်တယ်ဆိုတာ ကျွန်မတို့ကျေးရွာတွေမှာ တချို့ကျေးရွာ ကြားတောင်မကြားဘူးတဲ့အခြေအနေအထိ ရှိပါတယ်။ ဒါလေးတွေကြောင့် မလိုအပ်လို့လား။ လိုအပ်တယ်ဆိုရင်လည်း ဆောင်ရွက်ပေးနိုင်မယ့်အခြေအနေတွေကို အစီအစဉ်ဆွဲလို့မရဘူးလားဆိုတဲ့မေးခွန်းကိုလည်း မေးမြန်းလိုပါတယ်။ ကျွန်မတို့ခရိုင်နဲ့ပတ်သက်လို့ သစ်တောမှောင်ခိုသစ်တွေဖမ်းဆီးမှုနဲ့ပတ်သက်လို့လည်း ကျွန်မတို့ပြည်သူရဲ့ ပူးပေါင်းပါဝင်မှုတွေ ပါလာခဲ့တဲ့အတွက်လည်းပဲ ကျွန်မတို့ခရိုင်မှာ ကိန်းဂဏန်းတော်တော်များများကို ဖမ်းဆီးမိတဲ့အနေအထားရှိလာတာတွေကိုလည်း ကျွန်မ တင်ပြလိုပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီး ဖြေနိုင်ရင်ဖြေပါ။

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။ လက်တွေ့မြေပြင်မှာ ကွင်းဆင်းစစ်ဆေးဖို့ကိစ္စကို ရှင်းရှင်းလင်းလင်းသိချင်တဲ့အကြောင်း မေးခွန်းရှင်က ပြန်လည်ပြီးတော့ မေးခဲ့ပါတယ်။ ကျွန်တော်တို့ အခုနောက်ဆုံး တစ်ကမ္ဘာလုံးမှာလက်ခံကျင့်သုံးနေတဲ့နည်းများအရ ကောင်းကင်ဓာတ်ပုံများ၊ အဝေးကနေစူးစမ်းခြင်းစနစ်များ၊ နောက်ပြီးတော့ အဲ့ဒီရရှိတဲ့ Result တွေနဲ့ Assessment လုပ်ပြီးတော့ ကျွန်တော်တို့ အဓိပ္ပာယ်များဖော်ဆောင်ပြီးတော့ မြေပြင်မှာလည်းပဲ မြေပြင်နဲ့ ခုနကလို နည်းပညာကိုအသုံးပြုတဲ့စနစ်များမှရရှိတဲ့ ကိန်းဂဏန်းများနဲ့ မြေပြင်မှာလည်းပဲ ကျွန်တော်တို့ ဆင်းပြီးတော့ Assessment လုပ်ပါတယ်။ လုပ်ပြီးတော့ ခုနကပြောသလိုပဲ ၁၀ နှစ်လျှင် ၁ ကြိမ်ပေါ့လေ။ ကျွန်တော်တို့ ထုံးစံအရ လုပ်နေပါတယ်။ လုပ်တယ်။ လုပ်တဲ့အခါမှာ မင်းကင်းလိုနေရာမျိုးဟာ အဖြူရောင်ဒေသဖြစ်ပါတယ်။ ကျွန်တော်တို့ မလုပ်နိုင်စရာလည်း အကြောင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ခရိုင်အလိုက် အစီအမံတွေရှိပါတယ်။ ဒီအစီအမံတွေနဲ့အတူ ဆောင်ရွက်လျက်ရှိပါတယ်။ ခုနက တင်ပြပါကိန်းဂဏန်းများဟာလက်ရှိကျင့်သုံးထားတဲ့စနစ်အရ မှန်ကန်တိကျတဲ့၊ အနီးစပ်ဆုံးဖြစ်တဲ့ ကိန်းဂဏန်းတွေဖြစ်တယ်လို့ပဲ အခိုင်အမာရပ်တည်ပြီးတော့ ပြန်လည်ဖြေကြားလိုပါတယ်။ နောက်တစ်ခုကလည်း ကျွန်တော်တို့ သစ်တောစိုက်ခင်းတွေက နိုင်ငံပိုင်စိုက်ခင်းတွေရော စိုက်တယ်ဆိုပြီးတော့ စိုက်ရဲ့လား။ ပုဂ္ဂလိကတွေကိုရော စိုက်ခွင့်ပေးရဲ့လား။ အထူးသဖြင့် သစ်ထုတ်တဲ့လုပ်ငန်းရှင်တွေရော စိုက်ကြရဲ့လားဆိုတာ ကျွန်တော်တို့ စိုက်လျက်ရှိပါတယ်။ ကျွန်တော်တို့ဆီမှာ ကိန်းဂဏန်းစာရင်းဇယားအချက်အလက် အခိုင်အမာရှိပြီးတော့ ဒီ့ထက်မက ကျယ်ကျယ်ပြန့်ပြန့် မေးခွန်းပုံသဏ္ဍာန်နဲ့မဟုတ်ဘဲနဲ့ ပိုမိုပြီးတော့ တိကျတဲ့ကိန်းဂဏန်းအချက်အလက်များ သိချင်တယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ဝန်ကြီးဌာနကို

ဖိတ်ကြားပြီးတော့ အချိန်မရွေး လိုချင်တဲ့ကိန်းဂဏန်းအချက်အလက်များကို ရှင်းပြနိုင်ပါတယ်။ နောက်တစ်ခုကလည်း တင်ပြချင်တာကတော့ဖြင့် ကျေးလက်အိမ်ရာစီမံကိန်းလို့ ကျွန်တော်တို့ခေါ်တဲ့ တစ်ရွာလျှင်တစ်ဧက၊ အိမ်ထောင်တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ သစ်မာအပင် ၂၀ ပေါ့။ ဒါ ကျွန်တော်တို့ ကျေးလက်ဒေသအိမ်ရာစီမံကိန်းဆိုပြီးတော့ နာမည်တပ်ပြီးတော့ လုပ်နေပါတယ်။ လုပ်နေတဲ့အခါမှာ ခုနကလိုမျိုး အခိပ္ပာယ်ပေါ့လေ။ အခိပ္ပာယ်ဆိုတာကတော့ ခုနကလို အပူပိုင်းဒေသ တကယ် သစ်တောသယံဇာတရှားပါးတဲ့နေရာတွေမှာတော့ဖြင့် သဘာဝသစ်တောကို မှီခိုတဲ့ဥစ္စာလျော့နည်းအောင် ကျွန်တော်တို့ကနေပြီးတော့ ဒါလေးကို မဖြစ်ဖြစ်အောင် အာရုံစူးစိုက်ပြီးတော့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မင်းကင်းလိုနေရာမျိုး ပြောကြမယ်ဆိုရင်တော့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ပဲခူးရိုးမဝဲ/ယာမှာရှိတဲ့မြို့နယ်တွေ၊ ကျေးလက်တွေမှာကျတော့ ဒီစီမံကိန်းဟာ သိပ်ပြီးတော့ ပြောချင်တာကတော့ဖြင့် အပူပိုင်းဒေသလိုမျိုး သစ်တောသယံဇာတ အင်မတန်ရှားပါးတဲ့နေရာမျိုးမှာတော့ ဒီစီမံကိန်း---။ သို့သော်လည်းပဲ သဘာဝသစ်တောတွေကောင်းနေပြီးတော့ ဒီသစ်တောသယံဇာတတွေကို ဒေသခံပြည်သူတွေအတွက် ထုတ်ယူအသုံးပြုတဲ့နေရာမှာ အထူးသဖြင့် မင်းကင်းလိုနေရာမျိုးမှာ ဒီစီမံကိန်းက လုပ်မယ်ဆိုရင်လည်း သိပ်တော့ အခိပ္ပာယ်မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အရေးကြီးရင်ကြီးတဲ့အတိုင်း အပူပိုင်းဒေသများမှာ အာရုံစူးစိုက်ပြီးတော့ ဆောင်ရွက်လျက်ရှိတယ်။ မူအားဖြင့်တော့လည်း ဒါ ကျွန်တော်တို့ ချမှတ်ထားပေမယ့် အလားတူ သစ်တောသယံဇာတကောင်းမွန်တဲ့နေရာတွေမှာတော့ဖြင့် ဒါတွေကို ဦးစားပေးပြီးတော့ ဆောင်ရွက်ခြင်း မရှိပါဘူး။ ဒီ့ထက်မက အရေးကြီးတဲ့လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်၍ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရှင်းလင်းဖြေကြားပေးတဲ့ ပြည်ထောင်စုဝန်ကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ မေးခွန်းရှင်လည်းပဲ ကျေနပ်လိမ့်မယ်လို့ထင်ပါတယ်။ သစ်တောဆိုတာကြီးကလည်း ကျယ်ပြန့်တယ်။ တောထဲမှာဝင်ပြီးတော့ လက်တွေ့ကွင်းဆင်းပြီးတော့ ပုံမှန် ကျွန်တော်တို့ကုန်တိုက်တွေမှာလိုပဲ လက်ကျန်စာရင်း နေ့စဉ်ကောက်ဖို့ဆိုတာလည်း မဖြစ်နိုင်တော့ ဒီဟာလည်း နည်းနည်းတော့လည်း ကွာခြားမှုလေးတွေတော့ရှိမယ်လို့ထင်ပါတယ်။ ဒါလေးတွေလည်းပဲ နားလည်ပြီးသည်းခံပေးဖို့လိုပါတယ်။ သို့သော်လည်းပဲ ခုနကပြောသလို ကျွန်တော်တို့ သန်းခေါင်စာရင်းတောင်မှ မကောက်ခဲ့နိုင်သလိုပဲ ဒီလိုလည်းပဲ သစ်တောမှာလည်းပဲ ပြောရရင်တော့ ဘယ်သူတွေ ဘယ်လောက်ခုတ်သွားသလဲ၊ ဘယ်လောက်ကျန်သလဲဆိုတာတော့ အမြဲတမ်းတော့လည်း ကျွန်တော်ထင်တယ်။ မကောက်နိုင်

ဘူးပေါ့လေ။ ဒါကြောင့်မို့လို့လည်း ခုနကပြောတဲ့ လက်တွေ့မကျသော စာရင်းဇယားများဆိုတာ ကောက်တုန်းကတော့ လက်တွေ့ကျမှာပါပဲ။ ကာလရွေ့လျားလာတဲ့အခါကျတော့ လေလွင့်၊ ပျက်စီး၊ လျော့နည်း၊ ပျောက်ဆုံး ဒါတွေက အမျိုးမျိုးရှိနိုင်တဲ့အတွက် ဒါလေးတွေလည်း ကျွန်တော်တို့ နားလည်ခွင့်လွှတ်ပေးဖို့လိုပါတယ်။ လျော့သလား၊ မလျော့သလား။ မှန်သလား၊ မှားသလားဆိုတာ အရင်ကျွန်တော်တို့ ကြားဖူးသလိုပါပဲ။ မေးခွန်းများမေးခဲ့ဖူးပါတယ်။ စစ်တက္ကသိုလ်ကျောင်းမှာလို့ ကြားဖူးပါတယ်။ မင်းခေါင်းမှာ ဆံပင်ဘယ်လောက်ရှိသလဲ။ သင်္ချာနည်းနဲ့ဖြေဆိုတော့ ဆံပင်ကို ဘယ်လောက်ရေမလဲခင်ဗျာ။ သို့သော်လည်းပဲ အဖြေကတော့ သင်္ချာဂဏန်းနဲ့ သင်္ချာဘွဲ့ရများလည်း သိပါလိမ့်မယ်။ သင်္ချာနဲ့ဖြေသွားကြတယ်လို့ ပြောပါတယ်။ တစ်ဝက်ရဲ့နှစ်ဆရှိပါတယ်လို့ ဖြေကြပါတယ်။ ဆိုလိုတာကတော့ ဂဏန်းနဲ့သူဖြေခိုင်းတာပေါ့။ ဒီလိုပါပဲခင်ဗျာ။ စာရင်းကောက်တဲ့သူကလည်း ကောက်ဖို့လိုသလိုမျိုး ကြည့်တဲ့သူကလည်းပဲ အကုန်လုံးလည်းမကြည့်နိုင်တဲ့အတွက် ဒါလေးတွေကတော့ နားလည်ပေးဖို့ပါ။ ဒါ နမူနာလေးနဲ့ပဲ ကျွန်တော်ပြောတာပါ။ တစ်ခါတစ်ခါကျတော့လည်း ခွင့်လွှတ်နိုင်တဲ့ကိစ္စမျိုးလေးတွေ ဒီအတိုင်းလေးပဲ ခွင့်လွှတ်ရမှာပဲ။ နားလည်နိုင်တဲ့ကိစ္စမျိုးလေးတွေကျလည်း ကျွန်တော်ထင်တယ်။ နားလည်ပေးဖို့လိုမယ်လို့ ကျွန်တော်ထင်ပါတယ်။ အခုလောက် ပြည်ထောင်စုဝန်ကြီးက အသေးစိတ်ရှင်းပေးသွားတာဆိုတော့ လိုအပ်ရင်လည်းပဲ ကိုယ်စားလှယ်ကြီးအနေနဲ့ နောက်ထပ် ထပ်ပြီးတော့ ဆက်လက်ပြီး ဆက်သွယ်မေးမြန်းလို့လည်း ရနိုင်ပါတယ်။ ကျေနပ်မယ်ထင်ပါတယ်။

**မောက်မယ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၅ ကျောင်းတို့အား မူလရုပ်နှင့် ဥပမိရုပ်ထွက်ရှိရေးမည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးတော့ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်အတွင်းရှိ မူလရုပ်နှင့် ဥပမိရုပ်ပေါ်လွင်ခြင်းမရှိတော့သည့် အခြေခံပညာမူလတန်းကျောင်း ငါးကျောင်းနှင့်စပ်လျဉ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးနိုင်ပါရန် မေးခွန်းမေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ်

အတွင်းရှိ အ.မ.ကကုန်းလမ်း(မူလွန်)၊ အ.မ.က(နားသဲ)၊ အ.မ.က(နားဟီး)၊ အ.မ.က(နောင်ခမ်း)နှင့် အ.မ.က(ပုန်းလော) ကျောင်းငါးကျောင်းတို့သည် ဆောက်လုပ်ပြီးစီးသည့်သက်တမ်း ကြာမြင့်ပြီဖြစ်ခြင်း၊ စတင်ဆောက်လုပ်စဉ်ကပင် အဆောက်အအုံ ရုပ်ပိုင်းဆိုင်ရာစံချိန်စံညွှန်းများကိုက်ညီမှုမရှိခြင်း၊ သဘာဝဘေးဒဏ်အန္တရာယ်အားနည်းခြင်းတို့ကြောင့် ယနေ့အချိန်တွင် ကြံ့ခိုင်မှုနှင့် ဥပမိရုပ်ပေါ်လွင်ခြင်းမရှိတော့ပါ။ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မွမ်းမံပါသော်လည်း ယာယီအခိုက်အတန့်သာ ဖြေရှင်းနိုင်သောနည်းလမ်း ဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ တင်ပြပါကျောင်းငါးကျောင်းအား အသစ်ဆောက်လုပ်ပေးနိုင်ပါရန် အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ မေးခွန်း(၁) မောက်မယ်မြို့နယ်ရှိ မူလရုပ်နှင့် ဥပမိရုပ်မထွက်တော့သည့် ကျောင်းငါးကျောင်းနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်များကို သိရှိလိုပါသည်။ မေးခွန်း(၂) မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကိုလည်း သိရှိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင်က ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်းရဲ့ မောက်မယ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းငါးကျောင်းတို့အား မူလရုပ်နှင့် ဥပမိရုပ်ထွက်ရှိရေး မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ ကျောင်းဆောင်သစ်များတည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက်လုပ်ရေးပြီးစီးတဲ့ သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြို့နယ်

ဦးစားပေးအစီအစဉ် ကျောင်းအလိုက်နှင့် တန်းစီဇယားများမှ ထည့်သွင်းလျာထားခြင်းဖြင့် လည်းကောင်း၊ စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ကိုယ်စားလှယ်တင်ပြလာတဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မြို့နယ်အတွင်းရှိ ဥပဓိရုပ်မကောင်းတဲ့ကျောင်းများဖြစ်တဲ့ ကုန်းလမ်းအခြေခံပညာမူလတန်းလွန်ကျောင်း၊ ပုန်းလော၊ နားသဲ၊ နားဟီးနဲ့ နောင်ခမ်းအခြေခံပညာ မူလတန်းကျောင်းများမှာ ပေ ၆၀ x ပေ ၃၀ သံကူကွန်ကရစ် တစ်ထပ်ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန်အတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တစ်ကျောင်းလျှင် ငွေကျပ် ၃၂.၄ သန်းနှုန်းဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ လျာထားချက်စာရင်းတွင် လျာထားတင်ပြပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ရသေ့တောင်မြို့နယ်၊ မြို့မ အမက(၁)ကျောင်းဟောင်းအား ဖျက်သိမ်း၍ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ရိုသေလေးစားရပါတဲ့ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့ပေါ်ရှိ မြို့မအမှတ်(၁)အခြေခံပညာမူလတန်းကျောင်းကို UNDP အကူအညီဖြင့် ၁၉၉၆ ခုနှစ်တွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးတော့ ပညာသင်ကြားခဲ့ပါတယ်။ စာသင်နှစ်ကာလအတွင်းမှာ ကျောင်းဆောင်နဲ့ ကျောင်းသားဦးရေမျှတမှုမရှိတဲ့အတွက်ကြောင့် ၂၀၀၆ ခုနှစ်မှာ မိဘများထည့်ဝင်ငွေဖြင့် သွပ်မိုး၊ ပလပ်စတစ်ကာ၊ မြေသားဖောင်ဒေးရှင်းဖြင့် တစ်ထပ်ကျောင်းဆောင်ဆောက်လုပ်ပြီး ပညာသင်ကြားခဲ့ရပါတယ်။ UNDP အထောက်အပံ့ဖြင့် ဆောက်လုပ်ခဲ့တဲ့ကျောင်းဆောင်မှာ နှစ်များကြာလာပြီဖြစ်တဲ့အတွက် ကျောင်းဥပဓိရုပ်မကောင်းခြင်းနဲ့ ကျောင်းသားများအတွက် အန္တရာယ်ရှိတဲ့အတွက် ရိုသေလေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ရှင့်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ရသေ့တောင်မြို့ရှိ မြို့မအမှတ်(၁)အခြေခံပညာမူလတန်းကျောင်းအား ဖျက်သိမ်းပြီး ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဒုတိယမေးခွန်းအနေနဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ ရသေ့တောင်မြို့နယ် မြို့မအမှတ်(၁)အခြေခံ ပညာမူလတန်းကျောင်းဟောင်းအား ဖျက်သိမ်းပြီးတော့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်သစ်များ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီးတော့ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးတဲ့ သက်တမ်းကြာမြင့်ပြီးတော့ အန္တရာယ်ရှိတဲ့အခြေအနေ၊ ကျောင်းဝင်ဆံ့မှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက် တန်းစီဇယားမှာ ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒ့ါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး တင်ပြလာတဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်အတွင်းရှိ အန္တရာယ်ရှိပြီး ဥပဓိရုပ်မကောင်းတဲ့ မြို့မအမှတ်(၁) အခြေခံ ပညာမူလတန်းကျောင်းမှာ ပေ ၉၀ x ပေ ၃၀ တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေကျပ် ၃၂.၄ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း လျာထားချက်စာရင်းတွင် လျာထားတင်ပြပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေသအသီးသီးရှိ အခြေခံပညာကျောင်းများတွင် လိုအပ်သော စာသင်ခုံ၊ စားပွဲနှင့်ကုလားထိုင်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ကြီးဌာနနှင့်သက်ဆိုင်သောမေးခွန်းအား မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များနှင့်အတူ ပညာရေးဝန်ကြီးဌာန

မူကြမ်း

၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ် အခြေခံပညာကျောင်းများ တည်ဆောက်ရေးလုပ်ငန်းများစာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ဒေသအတွက် လိုအပ်သော အခြေခံပညာကျောင်းဆောင်များကို ထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးတင်ပြမှုများဖြင့် လွှတ်တော်အသီးသီးရှိ သက်ဆိုင်ရာကော်မတီများသို့ တင်ပြဆောင်ရွက်ခဲ့ကြရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်များတွင် ပညာရေးဝန်ကြီးဌာနက အခြေခံပညာကျောင်းအရေအတွက်ကိုသာဖော်ပြပြီး ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်တင်ပြခဲ့ရာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ဖော်ပြခဲ့သည့် အခြေခံပညာကျောင်းဆောင်သစ် အရေအတွက်များမှ ပညာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် တည်ဆောက်ရေးလုပ်ငန်းများစာရင်းတွင် ဖော်ပြပြီးကျောင်းများအပနောက်ထပ်ဆောင်ရွက်မည့် ကျောင်းဆောင်သစ်များကို မည်သည့်ဒေသ၊ မည်သည့်ကျောင်း ခွင့်ပြုငွေမည်မျှဆိုသည်ကို ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပွင့်လင်းမြင်သာစွာ ပေးပို့ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် နောက်ထပ်မေးခွန်းတစ်ခုကတော့ အမရပူရမြို့နယ်အပါအဝင် နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးတွင်ရှိသော အခြေခံပညာကျောင်းများနှင့် အခြေခံပညာကျောင်းဆောင်သစ်များ တည်ဆောက်ပေးထားသည့် အဆောက်အဦများတွင် လိုအပ်သော ကျောင်းစာသင်ခုံ၊ သင်ကြားရေး ဆရာဆရာမများအသုံးပြုသည့် စားပွဲ၊ ကုလားထိုင်များ လိုအပ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ နောင်ဘဏ္ဍာရေးနှစ်များတွင် ပညာရေးဝန်ကြီးဌာနက အခြေခံပညာကျောင်းဆောင်သစ်များ တည်ဆောက်ရန် ရေးဆွဲသည့်ဘတ်ဂျက်များတွင် ကျောင်းစာသင်ခုံနှင့် သင်ကြားရေးဆရာဆရာမများအသုံးပြုရန် စားပွဲ၊ ကုလားထိုင်များအတွက် ဘတ်ဂျက်တွင် တစ်ပါတည်းရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ တတိယမေးခွန်းအနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းထွန်းဦးရဲ့ မေးခွန်းသုံးခုနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ အချိန်ကိုငဲ့ကွက်သောအားဖြင့် မေးခွန်းများကိုတော့ ပြန်လည်တင်ပြခြင်းမပြုပါရန် ခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ အဲ့ဒီတော့ မေးခွန်းရဲ့အပိုင်း (၁)ကိုဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ အခြေခံပညာကျောင်းများရဲ့ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရာမှာ လွှတ်တော်ကိုယ်စားလှယ်များက တင်ပြလာတဲ့ကျောင်းများ၊ ပညာရေးဌာနမှအဆင့်ဆင့်တင်ပြလာတဲ့ကျောင်းများအား ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေမှ ဆောင်ရွက်ပေးပါတယ်။ သာမန်အသုံးစရိတ်ရန်ပုံငွေခေါင်းစဉ်အောက်မှ သဘာဝဘေးအန္တရာယ်ကြောင့်လည်းကောင်း၊ ညွှန်ကြားချက်များအရလည်းကောင်း၊ ကျောင်းများရဲ့အရေးပေါ်အခြေအနေကြောင့်လည်းကောင်း ဆောင်ရွက်ရခြင်း ဖြစ်တဲ့အတွက်ကြောင့် ကြိုတင်ခန့်မှန်း လျာထားရခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်းပြီးတော့ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းဖြင့် လျာထားဆောင်ရွက်တဲ့ကျောင်းများကိုသာ လျာထားပါကြောင်းနှင့် သာမန်အသုံးစရိတ်နှင့် နောက်ထပ်ဆောင်ရွက်မည့် ကျောင်းဆောင်သစ်များကို ကြိုတင်လျာထားခြင်း မရှိနိုင်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထံ ပေးပို့ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်းတင်ပြအပ်ပါတယ်။ ဒုတိယမေးခွန်းအနေနဲ့ အမရပူရမြို့နယ်အပါအဝင် နိုင်ငံတော်အတွင်းမှာရှိတဲ့ ဒေသအသီးသီးမှာရှိတဲ့ အခြေခံပညာကျောင်းဆောင်သစ်များ တည်ဆောက်ပေးထားတဲ့အဆောက်အအုံများမှာ လိုအပ်တဲ့ ကျောင်းစာသင်ခုံ၊ သင်ကြားရေးဆရာဆရာမများ အသုံးပြုတဲ့ စားပွဲ၊ ကုလားထိုင် လိုအပ်တဲ့ပရိဘောဂများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာစပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးများသို့ ကျောင်းသားဦးရေအလိုက် ခွဲဝေချထားပေးပါကြောင်း တင်ပြအပ်ပါတယ်။ မေးခွန်း(၃)အနေနဲ့တော့ အခြေခံပညာကျောင်းဆောင်များ တည်ဆောက်ရန် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေ လျာထားချက်စာရင်းရေးဆွဲတဲ့ဘတ်ဂျက်များမှာ ကျောင်းစာသင်ခုံ၊ သင်ကြားရေးဆရာဆရာမများ အသုံးပြုရန် စားပွဲ၊ ကုလားထိုင်များအတွက် တစ်ပါတည်း ရေးဆွဲပြီး ကျောင်းတည်ဆောက်ရေးလုပ်ငန်းများနှင့်အညီ

ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်သွားမည်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းတင်ပြခွင့်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်မှာ တင်ပြတဲ့အခါမှာ ငွေလုံးငွေရင်းမှာ ကျွန်တော်တို့ ဆွေးနွေးခဲ့ခြင်းဖြစ်ပါတယ်။ ဘတ်ဂျက်အနေအထားကို တစ်ဖက်ကနေပြီးတော့ ဒီဘက်တစ်ဖက်ကို Square Feet နဲ့တွက်တဲ့အပိုင်းမှာလျှော့ပေးပြီးတော့ ကျောင်းအလုံးရေအတွက် တိုးပေးလိုက်တာရှိပါတယ်ခင်ဗျား။ အဲ့ဒါသည် ခါတိုင်းနှစ်တွေဆိုလို့ရှိရင်တော့ ကျွန်တော်တို့တစ်တွေကို ကျောင်းနာမည်နဲ့ ဘယ်ကျောင်းကို ဘယ်လောက်ခွင့်ပြုတယ်။ ဘယ်ဒေသဆိုတာ ပြပါတယ်။ ဒီနှစ်မှာ မပြခဲ့တဲ့အခါကျတော့ ကျွန်တော်တို့ မဲဆန္ဒနယ်တွေမှာ၊ ကိုယ်စားလှယ်တွေရဲ့မဲဆန္ဒနယ်တွေမှာ ဘယ်ကျောင်းဘယ်လိုခွင့်ပြုတယ်ဆိုတာ မသိရှိရပါဘူး။ ဒါကြောင့် ကျွန်တော် ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဘယ်ကျောင်းကို ဘယ်လိုလျာထားတယ်ဆိုတာလေးလောက်ကို လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့မဲဆန္ဒနယ်တွေမှာ ကျွန်တော်တို့ဟာ ပြည်သူလူထုကို ရှင်းပြခွင့်ရပါတယ်။ ဒါ့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနက ဒီအချက်ကလေးကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘူးဆိုတာ ကြိုတင်ပြင်ဆင်ထားမှုမရှိလို့လား သို့တည်းမဟုတ် နီးစပ်ရာကိုများဆောင်ရွက်နေလို့လားဆိုတဲ့အချက်ကလေးကို ကျွန်တော့်အနေနဲ့ သိရှိလိုပါတယ်။ နောက်တစ်ချက်က ကျောင်းသားဦးရေနဲ့စာသင်ခုံတွေ ပေးတယ်ဆိုတာ ကျွန်တော်တို့ဒေသတွေမှာ ကျောင်းဆောင်ဆောက်ပြီးလို့ရှိရင် စာသင်ခုံမရှိပါဘူး။ စာသင်ခုံမရှိတဲ့အတွက်ကြောင့်မို့လို့ ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ အမှန်တကယ် ကျောင်းသားဦးရေနဲ့ စာသင်ခုံမမျှတခြင်းကြောင့် ကျွန်တော်တို့ဒေသတွေမှာ စာသင်ခုံ ယခုအချိန်ထိ မရရှိသေးတဲ့အတွက် ဒီဟာကို ဘယ်လိုများဆောင်ရွက်ပေးမလဲလို့ ထပ်မံ၍ ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဇော်မင်းအောင်(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောင်းတွေကို ဘယ်လိုလျာထားသလဲဆိုရင် တင်ပြရမယ်ဆိုရင် သက်ဆိုင်ရာဘယ်ကပဲ တင်ပြပြ ကျွန်တော်တို့သည် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးကနေတစ်ဆင့် ကော်မတီ ၃ ရပ်လည်း ဖွဲ့ပြီးသား ဖြစ်ပါတယ်။ မြို့နယ်တွေမှာ။ အဲ့ဒီကနေပြီးတော့ တင်ပြလာပြီးတဲ့အခါမှာ သက်ဆိုင်ရာတိုင်းဒေသကြီး၊

ပြည်နယ်အစိုးရကို တင်ပြပါတယ်။ တင်ပြပြီး အဲ့ဒီက ဦးစားပေးအစီအစဉ်နဲ့ ကျွန်တော်တို့က ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီလို မြို့နယ်ကနေပြီးတော့ ကျွန်တော်တို့ကို စာရင်းတွေတင်တဲ့အခါမှာလည်း အထောက်အကူပြုကော်မတီ သုံးခုသာမက လွှတ်တော်ကိုယ်စားလှယ်ကြီးများကော၊ မြို့မိမြို့ဖများကော၊ နောက်တစ်ခါ ကျောင်းမှာရှိတဲ့ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေရော အားလုံးခေါ်ယူပြီး လျာထားပြီးတော့ ဆောင်ရွက်သွားဖို့၊ နောက်နှစ်များမှာလည်း ဦးစားပေးအစီအစဉ်အလိုက် ထုတ်ပြန်သွားဖို့ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် တို့ကျောင်းကတော့မပါဘူး။ သူ့ကိုပဲ မျက်နှာလိုက်တာလားမဖြစ်အောင် တစ်ခါတည်း တန်းစီပြီးတော့ ခင်ဗျားတို့တောင်းတဲ့ကျောင်းကတော့ ဒီမှာတင်ပြလာတဲ့စာရင်းအရတော့ ၆၃ ကျောင်းပဲရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ဘဏ္ဍာရေးအရ ဒီမှာပြနိုင်တာကတော့ ၅၀ ကျောင်းပဲရှိတဲ့အတွက် မပါသေးပါဘူး စသည်ဖြင့် ကျွန်တော်တို့ရှင်းလင်းဖြေကြားသွားဖို့ စီမံဆောင်ရွက်လျက်ရှိကြောင်း ပထမဦးစွာ ရှင်းလင်းတင်ပြလိုပါတယ်။

နောက်တစ်ခုကတော့ ကျောင်းသားဦးရေနဲ့ပတ်သက်ပြီး စာသင်ခုံများကို ကျွန်တော်တို့က ဘတ်ဂျက်ရဲ့အနေအထားအရ ဆောင်ရွက်ပေးရတာဖြစ်တဲ့အတွက် ဒါလည်း သာမန်အသုံးစရိတ်ကနေပြီး ဆောင်ရွက်ထားမှာဖြစ်တဲ့အတွက် တွက်ချက်ပြီးတဲ့အခါမှာ ကျွန်တော်တို့က လိုအပ်ရင်လည်း ဒီ RE တွေမှာ သို့မဟုတ် ဘယ်လိုဆောင်ရွက်ပေးရင်ရမလဲဆိုတာကို စံနှုန်းများသတ်မှတ်ပြီး ဆောင်ရွက်လျက်ပေးပြီးဖြစ်ပါကြောင်း ကျွန်တော်တို့အနေနဲ့ ရှင်းလင်းတင်ပြလိုပါတယ်။ အဲ့ဒီတော့ ကျန်တဲ့ဟာတွေလည်း လိုအပ်ပေမယ့် ဦးစားပေးအစီအစဉ်နဲ့ အားလုံးကိုဆောင်ရွက်ပေးရကြောင်း တင်ပြလိုပါတယ်။ ဦးစားပေးအစီအစဉ်နဲ့ဆောင်ရွက်ရတယ်ဆိုတဲ့နေရာမှာလည်း ပညာရေးဝန်ကြီးဌာနရဲ့ သဘောတရား၊ တောင်းဆိုချက်အနေအထားများနှင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲနဲ့ မြေပြင်အခြေအနေကိုသိတဲ့ မြို့နယ်က အထောက်အကူပြုအဖွဲ့တွေ၊ မြို့နယ်ပညာရေးမှူးများ၊ သက်ဆိုင်ရာအဆင့်ဆင့်တင်ပြပြီး သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အားလုံးကျေးဇူးတင်ပါတယ်။ မေးမြန်းပေးတဲ့ကိုယ်စားလှယ်ကြီးများရော၊ လာရောက်ပြီးတော့ဖြေကြားပေးကြတဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ တကယ်တမ်းပြောရရင်တော့ မေးခွန်း မေးမြန်းခြင်းအစီအစဉ်ဟာ ၁ နာရီပဲခွင့်ပြုထားပါတယ်။ သို့သော်လည်းပဲ

ကျွန်တော်တို့ရဲ့ကိုယ်စားလှယ်များရဲ့မေးခွန်းတွေ လွှတ်တော်ကာလ တစ်ခုပြီးတစ်ခုပြောင်းပြောင်း သွားတဲ့အခါမှာ မကုန်ဆုံးဘဲနဲ့ ကျန်ကျန်သွားတာတွေက နောက်လွှတ်တော်ကို သယ်သယ်သွားရတဲ့ သဘောဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းတွေဟာလည်း အချို့က အချိန်မီသိရှိလိုတဲ့မေးခွန်းမျိုး ဖြစ်တဲ့အတွက် ဒီအထဲမှာလည်းပဲ ပါသွားအောင်လို့ ကျွန်တော်တို့က ကြိုးစားပြီးတော့ စီစဉ်ပေးတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြောရရင်တော့ နာရီနဲ့သာလုပ်ရမယ်ဆိုရင် ကျွန်တော်တို့ နည်းနည်းလေး ပဲရမှာပါ။ အခုတော့ အားလုံးသည်းခံပြီးတော့ ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါ တယ်။ တကယ်တမ်း ဘယ်သူ့အတွက်လည်းဆိုရင် ကျွန်တော်တို့အလုပ်လုပ်နေတာကတော့၊ အဓိက ကတော့ နိုင်ငံတော်အတွက်ပဲဖြစ်ပါတယ်။ ပြည်သူပြည်သားများအတွက်ပဲဖြစ်ပါတယ်။ မေးမြန်းပေးတဲ့ ကိုယ်စားလှယ်များရော၊ ဖြေကြားပေးတဲ့ ဝန်ကြီးဌာနများလည်း ကျေးဇူးတင်ပါတယ်။ ခုနကပြောသလို ပဲ စည်းကမ်းနဲ့မညီညွတ်ဘူး။ မေးခွန်း တစ်နာရီပဲမေးရမယ့်နေရာမှာ ခင်ဗျားတို့က အချိန်အကြာကြီး ယူတယ်လို့ဆိုရင်တော့ ကျွန်တော့်အပြစ်ပဲဖြစ်ပါလိမ့်မယ်။ ကျွန်တော်ပဲ အပြစ်ခံပါမယ်။ သို့သော်လည်း ပဲ အားလုံးအတွက် ဖြစ်စေချင်တဲ့အတွက် အချိန်ကို ကျွန်တော်မကြည့်ဘဲနဲ့ ဆက်ပြီးသွားတာဖြစ်ပါ တယ်။ ဒါကြောင့်မို့လို့ နားလည်ခွင့်လွှတ်ပေးဖို့လည်း ကျွန်တော်က မေတ္တာရပ်ခံပါတယ်။ ဒါကြောင့် မို့လို့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်တော့ ပြီးပြီဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီးတော့ ပြင်ဆင်ချက်များနှင့်အတည်ပြုခဲ့ပြီး အမျိုးသား လွှတ်တော်သို့ ပေးပို့ထားတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၃၁-၇-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များနှင့် ပြန်လည်ပြီးပေးပို့လာတာ ရှိပါ တယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်းပဲ ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲ့ဒီဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူ များအနေနဲ့ ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍

၂၂-၉-၂၀၁၄ ရက် (တနင်္လာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး စတုတ္ထနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ကို မနက်ဖြန် ၁၈-၉-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၃၅ နာရီ အချိန်တွင် ရပ်နားပါသည်။]